ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

ဒသမနေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်**

**( ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက် )**

**[ကြာသပတေးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ ဒသမနေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၇၃)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၀.၄၇) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၀၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ပထမအကြိမ်အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန် အစည်းအဝေးရဲ့ ဒသမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြား တင်ပြပါမယ်။

ဦးစိုင်းသန့်ဇင်၊ ရှမ်း(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမောင်အေးထွန်း၊ ရခိုင်(၉)၊ ကျန်းမာရေး။ ဦးကြည်ထွန်း၊ မကွေး(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ငြိမ်း ၊ မကွေး(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ထွန်း၊ မကွေး(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဗိုလ်မှူးချုပ်ကျော်ကျော်စိုး၊ တပ်မတော်၊ တာဝန်။ ဦးစိုးအောင်၊ မန္တလေး(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမင်းဦး၊ ပဲခူး(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာဌေးဝင်း၊ ဧရာဝတီ(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝင်းမောင်၊ မန္တလေး(၂)၊ ကျန်းမာရေး။ ဦးတင်မြင့်၊ ပဲခူး(၃)၊ ကျန်းမာရေး။ ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်(၁)၊ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများ အခမ်းအနားတက်ရန်။ ဦးစိုင်းကျော်ဇောသန်း၊ ရှမ်း(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးဒသမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား

လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၁၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၉)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၃)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၄၂)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)၊ အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် အမည်စာရင်းတင်သွင်းထားတဲ့ ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၇)က ဦးစံပြည့် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၅။**

**ဦးစံပြည့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာတဲ့ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစံပြည့် ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံသားများ ရင်းနှီး မြှုပ်နှံမှု ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေအချက်များကို Power Point နဲ့ တင်ပြထားပါတယ်။ အဆိုပြုမှာက ပုဒ်မ ၁၂၊ ပုဒ်မခွဲ(ဆ)ကို အောက်ပါအတိုင်း အစားထိုးရမယ်လို့ ဖော်ပြထားပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်များ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းအမျိုးအစားအရ လည်းကောင်း၊ သဘာဝ အရင်းအမြစ်အနေအထားအရလည်းကောင်း၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့က ခွင့်ပြုပေးနိုင်သည့် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနဲ့ စပ်လျဉ်း၍ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့များသို့ လုပ်ပိုင်ခွင့် ခွဲဝေသတ်မှတ်နိုင်ရေး ညှိနှိုင်း ဆောင်ရွက်ခြင်းလို့ ရေးသားဖော်ပြထားပါတယ်။

ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်မှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်များ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းအမျိုးအစားအရလည်းကောင်း၊ သဘာဝအရင်းအမြစ် အနေအထားအရလည်းကောင်း၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး အတွက်လည်းကောင်း၊ ပြည်ထောင်စု အစိုးရအဖွဲ့ကခွင့်ပြုသော မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများနဲ့ စပ်လျဉ်းသည့် လုပ်ပိုင်ခွင့်များကို တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့များအား ခွဲဝေသတ်မှတ်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းလို့ ပြင်ဆင်အတည်ပြုထားပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပြုမှာပါရှိတဲ့ ပြည်ထောင်စု အစိုးရအဖွဲ့က ခွင့်ပြုပေးနိုင်သည့် စာသားကို ပြည်သူ့လွှတ်တော်က ပြည်ထောင်စုအစိုးရအဖွဲ့က ခွင့်ပြုသော စာသားနဲ့ အစားထိုးပြင်ဆင်ထားပါတယ်။ ယခုလို အစားထိုးပြင်ဆင်လိုက်ခြင်းကြောင့် မူလအဆိုပြုချက်ဆိုလိုရင်းမှာ အဓိပ္ပာယ်ကိုပြောင်းလဲသွားစေပါတယ်။ အဆိုပြုရဲ့ ဆိုလိုရင်းမှာ လိုအပ်ချက်အရ လုပ်ငန်းသဘောသဘာဝအရ ပြည်ထောင်စုအစိုးရက ခွင့်ပြုပေးနိုင်တဲ့ ဆောင်ရွက်ရန် သဘောတူညီနိုင်ခြေရှိတဲ့ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုများနဲ့ စပ်လျဉ်းတဲ့ ကော်မရှင်ရဲ့ လုပ်ပိုင်ခွင့်များကို တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့များသို့ ခွဲဝေပေးနိုင်ရန် ညှိနှိုင်းဆောင်ရွက်ကြပြီး ဆွေးနွေးရရှိချက်ကို အစိုးရအဖွဲ့သို့တင်ပြပြီး ခွင့်ပြုချက်၊ သဘောတူညီချက်ရရှိအောင် ဆောင်ရွက်ခြင်းသာ ဖြစ်ပါတယ်။ ညှိနှိုင်းဆောင်ရွက်ခြင်းဆိုရာမှာလည်း ကော်မရှင်ဟာ လုပ်ငန်းအမျိုးအစားလိုက် သက်ဆိုင်ရာဝန်ကြီးဌာန၊ စီးပွားရေးပညာရှင်များ၊ ဥပဒေပညာရှင်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ကိုယ်စားလှယ်၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များမှ တာဝန်ရှိသူများပါ လိုအပ်သလို ဖိတ်ကြားပြီး အမှားအယွင်းမရှိနိုင်အောင် ညှိနှိုင်းဆွေးနွေးရမှာ ဖြစ်ပါတယ်။ တစ်ခါတစ်ရံမှာလိုအပ်ချက်အရ ပြည်ထောင်စုအစိုးရအဖွဲ့က ကော်မရှင်ကိုဖိတ်ကြားပြီး တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များသို့ လုပ်ပိုင်ခွင့်ခွဲဝေပေးနိုင်ရေးကိစ္စကို သင့်၊ မသင့် ညှိနှိုင်းအဖြေရှာမှုမျိုးလည်း လုပ်ငန်းသဘောအရရှိကောင်းရှိနိုင်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ထားတဲ့ ပြည်ထောင်စုအစိုးရအဖွဲ့က ခွင့်ပြုသောဆိုတဲ့ အသုံးအနှုန်းအရဆိုရင် ပြည်ထောင်စုအစိုးရအဖွဲ့က ခွင့်ပြုပြီးဖြစ်သော မြန်မာနိုင်ငံသားများ ရင်းနှီး မြှုပ်နှံမှု လုပ်ငန်းများနှင့် စပ်လျဉ်းသည့် ကော်မရှင်၏ လုပ်ပိုင်ခွင့်များကို တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့များသို့ ခွဲဝေပေးနိုင်ရန် ကော်မရှင်က သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနဲ့သာ ညှိနှိုင်းဆွေးနွေးမှုပြုလုပ်ခြင်းဟု အဓိပ္ပာယ်သက်ရောက်သွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်းဆိုရင် တိုင်းဒေသကြီး၊ ပြည်နယ်များ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းအမျိုးအစားအရ လည်းကောင်း၊ သဘာဝအရင်းအမြစ်အရ လည်းကောင်း၊ အလုပ်အကိုင် အခွင့်အလမ်း အနေအထားအရလည်းကောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများသို့ လုပ်ပိုင်ခွင့်ခွဲဝေပေးနိုင်မှု အခွင့်အလမ်းနယ်ဘောင် ကျဉ်းသွားမှာဖြစ်ပါတယ်။ ဥပဒေ ပြင်ဆင်ခြင်း ရည်ရွယ်ချက် လွဲချော်သွားနိုင်တယ်လို့ ယူဆပါတယ်။ ဒါကြောင့်မို့လို့ ပုဒ်မ ၁၂၊ ပုဒ်မခွဲ(ဆ)ကို အဆိုပြုအတိုင်းသာ ထားသင့်ကြောင်း ထောက်ခံဆွေးနွေး လိုပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ပုဒ်မ ၁၃ ရဲ့ နောက်မှာ ပုဒ်မ ၁၃(က)ကို ဖြည့်စွက်ရာမှာလည်း အဆိုပြုမှာ သုံးနှုန်းထားတဲ့ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်နဲ့အညီ အသုံးအနှုန်းဟာ ပြည်သူ့လွှတ်တော်က ပြင်ဆင်အတည်ပြုထားတဲ့ ပြည်ထောင်စုအစိုးရ

အဖွဲ့၏ သဘောတူညီချက်ဖြင့်ဆိုတဲ့ အသုံးအနှုန်းထက် ဆီလျော်ညီညွတ်မှုရှိတဲ့အတွက် အဆိုပြုထားတဲ့ အတိုင်းသာ အတည်ပြုသင့်ပါကြောင်း ထောက်ခံဆွေးနွေးအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစံပြည့် ရဲ့ ဆွေးနွေးချက်နဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် အမည် စာရင်း တင်သွင်းထားတဲ့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစံပြည့် ဆွေးနွေးမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဦးစံပြည့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အစီအစဉ်(၆)ဖြစ်တဲ့၊ Power Point ပြပေးပါ။ Slide 2 ကို ထိုးပေး ရမှာဖြစ်ပါ တယ်။ Slide 2 ဇယားနဲ့ပါ။ Slide 3 ဇယားနဲ့ထိုးရမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အစီအစဉ်(၆)ဖြစ်တဲ့ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေကို ပြင်ဆင်တဲ့ ပြင်ဆင်ချက်၊ အတည်ပြုချက်များဟာလည်း မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေကို ပြင်ဆင်ထားမှုများနဲ့ သဘောသဘာဝ အတူတူပဲဖြစ် ပါတယ်။ ဒါကြောင့်မို့ ဒီ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေကိုလည်း အဆိုပြုမှာပါရှိတဲ့ အတိုင်းသာ ထားရှိပေးဖို့ ထောက်ခံတင်ပြ အပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစံပြည့် ရဲ့ ဆွေးနွေးချက်နဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကုန်သွယ်ရေကြောင်းသွားလာရေးဆိုင်ရာ တူးမြောင်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ စိစစ်တင်ပြသည့် အစီရင်ခံစာအပေါ် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့ လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော ကုန်သွယ်ရေကြောင်းသွားလာရေး ဆိုင်ရာ တူးမြောင်းဥပဒေကြမ်းကို ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာထား သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားသူမရှိပါ။

အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ ပညာရှင်များနှင့် ညှိနှိုင်းဆွေးနွေးရာတွင် ခေတ်နှင့်လျော်ညီအောင် ပြန်လည်ရေးဆွဲသင့်ကြောင်း လေ့လာတွေ့ရှိရပါသဖြင့် ကုန်သွယ် ရေကြောင်းသွားလာရေးဆိုင်ရာ တူးမြောင်းဥပဒေကြမ်းကို လတ်တလောအတည်ပြု ဆောင်ရွက်ခြင်းမပြုဘဲ အကျိုးအကြောင်းဖော်ပြ၍ ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့ရန် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက တင်ပြလာပါတယ်။

သို့ဖြစ်ပါ၍ ကုန်သွယ်ရေကြောင်းသွားလာရေးဆိုင်ရာ တူးမြောင်းဥပဒေကြမ်းကို အကျိုးအကြောင်းဖော်ပြ၍ ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့ မည်ဖြစ်ကြောင်း တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူမှာ ဖြစ်ပါတယ်။

ဒီ တင်ပြချက်ကို လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ကုန်သွယ်ရေကြောင်း သွားလာရေးဆိုင်ရာ တူးမြောင်းဥပဒေကြမ်းကို အကျိုးအကြောင်း ဖော်ပြ၍ ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့မည် ဖြစ်ကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံမီးပြတိုက် အက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံမီးပြတိုက် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက တင်ပြထားတဲ့အတိုင်းအတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

ဝန်ကြီးဌာနက ဆွေးနွေးလိုလို့ရှိရင် အချိန်မရွေးထပြီး ဆွေးနွေးနိုင်ပါတယ်။ ဥပဒေကြမ်းကော်မတီက တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၆။**

**ဒေါက်တာမြတ်ညာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံးမင်္ဂလာပါခင်ဗျား။

ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များကို တင်ပြသွားပါမယ်။ အပိုဒ် ၂ ကို တင်ပြပါမယ် ခင်ဗျား။

၂။ မြန်မာနိုင်ငံ မီးပြတိုက်အက်ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း အစားထိုးရမည်-

(a) officer assigned duty by the Myanmar Port Authority means any officer assigned duty by the Myanmar Port Authority with the approval of the Ministry of Transport to levy the light-dues, expenses, costs and fines, and to perform the other duty under this Act.

ဒီပြင်ဆင်ချက်ကို အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂ သည် ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် အပိုဒ် ၃ ဖြစ်ပါတယ်။

၃။ မြန်မာနိုင်ငံမီးပြတိုက် အက်ဥပဒေပုဒ်မ ၆ ကို အောက်ပါ အတိုင်း အစားထိုးရမည် -

Superintendence and management

6. The superintendence and management of general lighthouses shall vest in the Ministry of Transport with the power to make arrangements it thinks fit, by contract or otherwise, and it may discharge this responsibility through the Myanmar Port Authority.

ဒီ ပြင်ဆင်ချက်ကို အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၇ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၇ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီ ရဲ့ ပြင်ဆင်ချက် အပိုဒ် ၈ ကို တင်ပြပါမယ်ခင်ဗျား။

၈။ မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေ ပုဒ်မ ၉၊ ပုဒ်မ ၁၀၊ ပုဒ်မခွဲ(၂)၊ ပုဒ်မ ၁၁နှင့် ပုဒ်မ၁၄ တို့၌ ပါရှိသော Customs-Collector ဆိုသည့်စကားရပ်ကို officer assigned duty by the Myanmar Port Authority with the approval of the Ministry of Transport ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

ဒီ ပြင်ဆင်ချက်ကို အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၈ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၈ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီ ရဲ့ ပြင်ဆင်ချက် အပိုဒ် ၉ ကို ဆက်လက်တင်ပြပါမယ်။

၉။ မြန်မာနိုင်ငံမီးပြတိုက် အက်ဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (၃) ကို အောက်ပါအတိုင်း အစားထိုးရ မည် -

(3) If any person refuses or neglects to produce any register or other papers or otherwise to satisfy the officer as to the true tonnage of any

ship when required to do so under this section, such person shall be liable to pay the expenses of the measurement of the ship and of the ascertainment of the tonnage. Such person shall, on the reasonable ground of willful commission, further be liable to pay a fine from a minimum of fifty thousand to a maximum of one hundred thousand kyats, under the order passed by the Master Attendant or any officer with the approval of the Chief Executive Officer of the Myanmar Port Authority.

ဒီ ပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၉ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၉ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် အပိုဒ် ၁၁ ဖြစ်ပါတယ်။

၁၁။ မြန်မာနိုင်ငံမီးပြတိုက် အက်ဥပဒေပုဒ်မ ၁၃ ကို အောက်ပါ အတိုင်း အစားထိုးရမည် -

Determination of disputes as to liability for payment

13. If any dispute arises as to whether light-dues, expenses or costs are payable in respect of any ship under this Part of this Act, or as to the amount of such dues, expenses or costs, the dispute shall, on application made in this behalf by either of the disputing parties, be heard and determined by the Master Attendant or any officerassignedduty by the Myanmar Port Authority with the approval of the Chief Executive Officer of the Myanmar Port Authority, and such decision shall be final.

ဒီ ပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၁ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၁ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီ ရဲ့ ပြင်ဆင်ချက် အပိုဒ် ၁၂ ဖြစ်ပါတယ်။

၁၂။ မြန်မာနိုင်ငံမီးပြတိုက် အက်ဥပဒေပုဒ်မ ၁၅ ကို အောက်ပါ အတိုင်း အစားထိုးရမည် -

Penalty for evadin g payment of Li ght-dues

15. (1) If the owner or master of a ship willfully evades or attempts to evade the payment of any li ght-dues,expensesor costs payable in respect of the ship under this Part of this Act, such person shall, on the maximum of five times the amount of the sum payable, under the order passed by the Master reasonable ground of willful commission, be liable to pay a fine from a minimum of three times to a Attendant or any officer with the approval of the Chief Executive Officer of the Myanmar Port Authority.

ဒီပြင်ဆင်ချက် ကို အတည်ပြု ပေးနိုင်ပါရန်တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ the Master reasonable မဟုတ်လား။ responsible မဟုတ်ဘူး နော်၊ The Master reasonable ground of willful commission

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဟုတ်ပါတယ်ခင်ဗျ။ The Master reasonable ground of willful commission ပါခင်ဗျ။

**ဥက္ကဋ္ဌ**။ ။ ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၂ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥပဒေကြမ်းကော်မတီ ရဲ့ ပြင်ဆင်ချက် အပိုဒ်၁၄ ဖြစ်ပါတယ်ခင်ဗျား။

၁၄။ မြန်မာနိုင်ငံမီးပြတိုက် အက်ဥပဒေ ပုဒ်မ ၂၀၊ ပုဒ်မခွဲ (၄)၊ ပုဒ်မ ၂၂ ခေါင်းစဉ်၊ ဘေးခေါင်းစဉ် နှင့် ပုဒ်မ ၂၂ တို့၌ပါရှိသော Government ဆိုသည့် စကားရပ်ကို Myanmar Port Authority ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

ဒီပြင်ဆင်ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၄ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥပဒေကြမ်းကော်မတီ ရဲ့ ပြင်ဆင်ချက်အပိုဒ် ၁၆ ဖြစ်ပါတယ်။

၁၆။ မြန်မာနိုင်ငံမီးပြတိုက် အက်ဥပဒေ၏ ဇယားကို အောက်ပါ ဇယားဖြင့် အစားထိုးရမည် -

SCHEDULE

1. Lighthouse : -

(a) Kyauk Phyu Kyun Island.

(b) Meepya Kyun (Dawei) Island.

(c) Malisoon Island.

(d) Kalwin.

(e) Myeik Seik Kan Thar.

(f) Palaw Palin.

(g) Kyaik Kha Mi Island.

(h) Kyun Nyi Naung Island.

(i) May Yu Island

(j) Sittwe.

(k) Myae Pon Island.

(l) Thantar Island.

(m) Paung Net Gyi Island

(n) Man Aung Island.

(o) Man Aung ChaungWa

(p) Kyauk Ne Maw.

(q) Sin Gaung Island.

(r) Ohn Ta Bin Island.

(s) Lone Thar.

(t) Nan Thar Kyun Island

(u) Thante.

(v) Mingalar Island

(w) Pathein Reef.

(x) Thamee Hla Island.

(y) Chaung Gyi.

(z) Pyi Taw Thar.

(2) Any other lighthouse in the Republic of the Union of Myanmar which the Ministry of Transport may declare to be a general lighthouse.

ဒီ ပြင်ဆင်ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၆ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၆ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီရဲ့ အတည်ပြုချက်ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့် ဥပဒေကြမ်းရဲ့ အပိုဒ် (၃)၊ အပိုဒ် (၄)၊ အပိုဒ်(၅)၊ အပိုဒ် (၆)၊ အပိုဒ် (၁၀)၊ အပိုဒ် ၁၂(15-2)၊ အပိုဒ် ၁၃၊ အပိုဒ် ၁၅ တို့ကို ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့တဲ့အတိုင်း ဆက်လက်အတည်ပြု ဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီတင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။

## အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ၂၀၁၅ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား တင်သွင်းခြင်း

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ ဆိုင်များနှင့်အလုပ်ဌာနများ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား တင်သွင်းမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၈။**

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွအားလုံးပဲ မင်္ဂလာပါခင်ဗျား။ ၂၀၁၅ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများ ဥပဒေကြမ်း အပေါ် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တင်ပြခြင်းအစီရင်ခံစာကို ကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာ မြတ်ဉာဏစိုးက ပြန်လည်တင်သွင်းပါ့မယ်ခင်ဗျား။

## အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏
## ၂၀၁၅ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁) ၁/ ၂၀၁၅ -

ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ရက်

၁။ ၂၀၁၅ခုနှစ်၊ ဆိုင်များနှင့်အလုပ်ဌာနများ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှာ နိုဝင်ဘာလ(၁၇)ရက်နေ့မှာအစီရင်ခံစာ တင်သွင်းခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းအပေါ်မှာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးဖြစ်တဲ့ ဦးဖုန်းမြင့်အောင်က အကြံပြုဆွေးနွေးခဲ့ပါတယ်။ ဦးဖုန်းမြင့်အောင်ရဲ့ဆွေးနွေးချက်တွေနဲ့ စပ်လျဉ်းပြီးတော့ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာ ကော်မရှင်မှ ပညာရှင်များ၊ အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များအပါအဝင် ဦးဖုန်းမြင့်အောင်တို့နှင့် ၃၀-၁၁-၂၀၁၅ ရက်နေ့တွင် တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။

**လေ့လာတွေ့ရှိချက် ဖြစ်ပါတယ်ခင်ဗျား။**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ၂၀၁၅ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာန များ ဥပဒေကြမ်းအပေါ် အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင် နှင့် ညှိနှိုင်းခဲ့ရာ ယင်း၏ဆွေးနွေးချက်များသည် ဥပဒေကြမ်း ပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက်များနှင့် ကိုက်ညီမှုမရှိသည့်အပြင် တည်ဆဲဥပဒေနှင့် ဝိရောဓိဖြစ်နိုင်ပြီး လက်တွေ့ဆောင်ရွက်ရန် မသင့်လျော်သောကြောင့် မူလပြင်ဆင်ချက်အတိုင်းသာ ထားရှိသင့်ပါကြောင်း လေ့လာတွေ့ရှိရပါတယ်။

**ကော်မတီ၏သဘောထားမှတ်ချက် ကိုတင်ပြပါမယ်။**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ၂၀၁၅ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများ ဥပဒေကြမ်းကို အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးဖုန်းမြင့်အောင်၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ ပညာရှင်များ၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အသေးစိတ်ညှိနှိုင်း ဆွေးနွေးခဲ့ပြီးဖြစ်ပါသဖြင့် မူလတင်ပြထားသည့် ပြင်ဆင်ချက်များအတိုင်း အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် လေးစားစွာအစီရင်ခံ တင်ပြအပ်ပါတယ်ခင်ဗျား။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ၂၀၁၅ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများ ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီ အလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများ ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။ ဝန်ကြီးဌာနအနေနဲ့ ဆွေးနွေးရန်ရှိလို့ရှိရင် အချိန်မရွေး ဆွေးနွေးနိုင်ပါတယ်။ တစ်ခုချင်းမမေးတော့ပါဘူး။

**အချိန်၊ ၁၀း၃၀။**

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ခေါင်းစဉ် ပြင်ဆင်ချက် ဖြစ်ပါတယ်။

**၂၀၁၅ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများ ဥပဒေ**

**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**

**၁၃၇၇ ခုနှစ်၊ လ ရက်**

**(၂၀၁၅ ခုနှစ် ၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

ဒီပြင်ဆင်ချက်ကို အတည်ပြုပေးနိုင်ပါ ရန်တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ခေါင်းစဉ် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ဥပဒေကြမ်းကော်မတီ)။** ။ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များဖြစ်တဲ့ အခန်း(၁)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၁၊ အပိုဒ် ၂(က)(ခ)(ဂ)(င) (စ)(ဇ)တို့ကို ဆက်လက် တင်ပြပါမယ်။

**အခန်း(၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို ၂၀၁၅ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများ ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) ဆိုင်ဆိုသည်မှာ ကုန်ပစ္စည်း သို့မဟုတ် ဝတ္ထုပစ္စည်းကိုလက်ငင်းသော်လည်းကောင်း၊ အကြွေးသော်လည်းကောင်း၊ အရစ်ကျစနစ်ဖြင့်သော်လည်းကောင်း၊ လက်ကား သို့မဟုတ် လက်လီရောင်းချရန်အလို့ငှာ လုံးဝဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ

အသုံးပြုသည့် နေရာတစ်ခုခုကိုဆိုသည်။ ယင်းစကားရပ်တွင် ဆံသလုပ်ငန်း၊ အလှပြုပြင်ခြင်းလုပ်ငန်း၊ ကိုယ်ခန္ဓာကျန်းမာရေးနှင့် အလှပြုပြင်ခြင်းလုပ်ငန်း၊ ပန်းတိမ်လုပ်ငန်း၊ ရေဒီယို၊ တီဗီ၊ တယ်လီဖုန်းပြင်လုပ်ငန်း၊ စာအုပ်ချုပ်လုပ်ငန်း၊ မိတ္တူကူးလုပ်ငန်း၊ ဓာတ်ပုံဆိုင်၊ အပေါင်ဆိုင်၊ ထုပ်ပိုးခွံချုပ်ဆိုင်၊ ပင်မင်းဆိုင်၊ ဖိနပ်ချုပ်ဆိုင်၊ အပ်ချုပ်ဆိုင်၊ စီးပွားရေး အလို့ငှာ လုပ်ကိုင်သည့် ကွန်ပျူတာနှင့် အီလက်ထရောနစ်စနစ်သုံး ပစ္စည်း ကိရိယာများ ပြုပြင်တပ်ဆင်ခြင်း လုပ်ငန်းသည်လည်းကောင်း၊ ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဤဥပဒေနှင့် အကျုံးဝင်သည့် နေရာတစ်ခုခုသည် လည်းကောင်းပါဝင်သည်။ သို့ရာတွင် ယင်းစကားရပ်၌ ကုန်သွယ်အလုပ်ဌာန၊ အများပျော်ရွှင်ရေး အလုပ်ဌာန၊ အလုပ်ရုံ သို့မဟုတ် စက်မှုလက်မှုအလုပ်ဌာနတို့ မပါဝင်။

(ခ) ကုန်သွယ်အလုပ်ဌာန ဆိုသည်မှာ ကြော်ငြာလုပ်ငန်း၊ ကော်မရှင်လုပ်ငန်း၊ ကုန်စည်ပေးပို့ရေး ကိုယ်စားလှယ်လုပ်ငန်း၊ ကုန်သွယ်ရေး ကိုယ်စားလှယ်လုပ်ငန်းများဆောင်ရွက်သည့် အလုပ်ဌာနတို့ကိုဆိုသည်။ ယင်းစကားရပ်တွင် စက်မှုလက်မှုအလုပ်ဌာန သို့မဟုတ် ကုန်သွယ်လုပ်ငန်း၏ ရုံးလုပ်ငန်းဌာန၊ အာမခံကုမ္ပဏီ၊ အစုစပ်ကုမ္ပဏီ၊ ပုဂ္ဂလိကဘဏ်၊ အကျိုးဆောင်လုပ်ငန်း၊ ကြော်ငြာလုပ်ငန်း၊ ပုဂ္ဂလိကအလုပ်အကိုင် ရှာဖွေရေး လုပ်ငန်းများ၊ ဝန်ဆောင်မှု လုပ်ငန်း၊ ပုဂ္ဂလိကကျောင်း၊ ပုဂ္ဂလိကဆေးရုံ၊ ပုဂ္ဂလိကဆေးခန်း၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းနှင့် ခရီးသွား ဝန်ဆောင်မှုလုပ်ငန်း၊ ကျန်းမာရေး လေ့ကျင့်မှု အားကစားရုံ၊ မြို့ဝင်ကြေး၊ လမ်းအသုံးပြုခ၊ တံတား ဖြတ်သန်းခ ကောက်ခံသည့် ဂိတ်များသည်လည်းကောင်း၊ ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဤဥပဒေနှင့် အကျုံးဝင်သည့် ကုန်သွယ် အလုပ်ဌာနဟု သတ်မှတ်သည့် နေရာသည် လည်းကောင်း ပါဝင်သည်။ သို့ရာတွင် ယင်းစကား ရပ်၌ ဆိုင် သို့မဟုတ် အများပျော်ရွှင်ရေး အလုပ် ဌာန မပါဝင်။

(ဂ) အများပျော်ရွှင်ရေး အလုပ်ဌာန ဆိုသည်မှာ ရုပ်ရှင်ရုံ၊ ဇာတ်ရုံ၊ ကလပ်၊ ဧည့်ခံ ဗီဒီယိုဖျော်ဖြေပွဲများ ကျင်းပသည့်ခန်းမ၊ ဗီဒီယိုရုံ၊ ကာရာအိုကေရုံ၊ ကွန်ပျူတာနှင့် အီလက်ထရောနစ် စနစ်အသုံးပြုသည့် ကစားရုံများ၊ အပန်းဖြေကစားကွင်း၊ ပန်းခြံ၊ ဥယျာဉ်၊ ကလေး ကစားကွင်းတို့ကို ဆိုသည်။

(ဃ) အလုပ်ဌာန ဆိုသည်မှာ ကုန်သွယ်အလုပ်ဌာနနှင့် အများပျော်ရွှင်ရေး အလုပ်ဌာန၊ စက်မှုလက်မှု အလုပ်ဌာနအပြင် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဤဥပဒေနှင့် အကျုံးဝင်သည့် အလုပ်ဌာနအဖြစ် ကြေညာထားသည့် အခြားအလုပ်ဌာန များကို ဆိုသည်။

(င) အလုပ်ရှင်ဆိုသည်မှာ ဆိုင် သို့မဟုတ် အလုပ်ဌာနကိုပိုင်ဆိုင်သူ သို့မဟုတ် အုပ်ချုပ်သူ သို့မဟုတ် အဆိုပါ ဆိုင် သို့မဟုတ် အလုပ်ဌာနကို အရပ်ရပ် စီမံကြီးကြပ်ရာ၌ အလုပ်ရှင်၏ တရားဝင် စီမံခန့်ခွဲမှု ဆိုင်ရာ ကိုယ်စားလှယ် သို့မဟုတ် အလုပ်ရှင်

ကွယ်လွန်ပါက ယင်း၏ အမွေဆက်ခံသူနှင့် အစုရှယ်ယာ တရားဝင် လွှဲပြောင်းရရှိသူကိုဆိုသည်။

(ဇ) အလုပ်သမား ဆိုသည်မှာ ဆိုင် သို့မဟုတ် အလုပ် ဌာနဖြစ်လျှင် ထိုလုပ်ငန်းနှင့် စပ်လျဉ်း၍ လုံးဝ ဖြစ်စေ၊ မူရင်းအားဖြင့်ဖြစ်စေ အလုပ်လုပ်သူကို ဆိုသည်။ ထို့အပြင် ထိုအလုပ်ဌာနတွင် စာရေး၊ စာပို့သူ၊ ငွေထိန်း၊ အစောင့်၊ လုံခြုံရေး၊ သန့်ရှင်းရေး၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်၊ ထမင်းချက်အဖြစ် အလုပ်လုပ်သူတို့လည်း ပါဝင်သည်။ သို့ရာတွင် ယင်းစကားရပ်၌ အလုပ်ရှင်သော်လည်းကောင်း၊ အလုပ်ရှင်နှင့် အတူနေထိုင်၍ အလုပ်ရှင်အပေါ် မှီခိုနေသည့် အလုပ်ရှင်၏ ခင်ပွန်း၊ ဇနီး၊ သား၊ သမီး၊ မိဘ၊ ညီအစ်ကိုအရင်း သို့မဟုတ် မောင်နှမအရင်းတို့ မပါဝင်ချေ။

ဒီ ပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ရှေ့ပိုင်းက (ခ)မှာ အစုစပ်ဆိုတဲ့ စကားလုံးက ဘာကို ဆိုလိုတာလဲ မသိဘူး။ ကုန်သွယ်လုပ်ငန်း၏ ရုံးလုပ်ငန်းဌာန၊ အာမခံကုမ္ပဏီ၊ အစုစပ်၊ ကုမ္ပဏီ၊ ပုဂ္ဂလိကဘဏ်၊ အကျိုးဆောင်လုပ်ငန်းဆိုတော့။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ အစုစပ်လုပ်ငန်းဆိုရင်တော့ ပိုမိုပြည့်စုံပါမယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အစုစပ်လုပ်ငန်းဆိုတာလည်း သူကကုန်သွယ်အလုပ်ဌာနရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက် ဖြစ်နေတယ်လေ။ ဝန်ကြီးဌာန ပြောစရာရှိရင်ပြောပါ။

**ဦးထင်အောင်(ဒုတိယဝန်ကြီး၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန)** ။ ။ အစုစပ်ကုမ္ပဏီပါခင်ဗျား။ အခုက အစုစပ်နဲ့ ကုမ္ပဏီကိုခွဲလိုက်တာပါ။ အမျိုးသားလွှတ်တော်က။

**ဥက္ကဋ္ဌ**။ ။ ရုံးလုပ်ငန်းဌာန၊ အာမခံကုမ္ပဏီ၊ အစုစပ်ကုမ္ပဏီဆိုတော့ အစုစပ် မဟုတ်တဲ့ ကုမ္ပဏီကျတော့ရော၊ အစုစပ် မဟုတ်တဲ့ ကုမ္ပဏီကျတော့မပါဘူးဖြစ်သွားမယ့်သဘောပေါ့။ အမှန်ကတော့ အစုစပ်ဆိုတာ သိပ်တော့မလိုတဲ့သဘောရှိတယ်။ ကုမ္ပဏီဆိုရင် နှစ်မျိုးလုံးရတာပေါ့။ အစုစပ် ဖျက်လိုက်။

**ဥက္ကဋ္ဌ**။ ။ ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပုဒ်မ ၂ (က)မှာ နေရာနဲ့ပတ်သက်လို့ ဒီဆိုင်တွေဟာ နေရာတစ်ခုခုကိုဆိုသည် ဆိုပြီးဖော်ပြထားပါတယ်။ ဒီနေရာဟာ ဆိုင်ဖွင့်မယ်ဆိုလို့ရှိရင် နေရာဟာ

ကိုယ် ပိုင်ဆိုင်တဲ့နေရာ ဖြစ်ရပါမယ်။ ဒါကြောင့် ဒီလိုမတိကျတဲ့ နေရာဆိုတဲ့အစား ဥပဒေကြောင်းအရ ပိုင်ဆိုင်ခွင့် ရှိသောနေရာ ဖြစ်ရမည်ဆိုပြီး ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ ရန်ကုန်မြို့မှာ နေရာဆိုလို့ရှိရင် ကျွန်တော်တို့ ကိုယ်မပိုင်တဲ့ နေရာတွေကိုလည်း ဆိုင်တွေဖွင့်နေလို့ပါ။ ဒါကြောင့်လည်း ရန်ကုန်မြို့ဟာ သွားရေးလာရေးအစ အကြီးအကျယ်ပြဿနာတက်နေပါတယ်။ ဒီပိုင်ဆိုင်တဲ့နေရာ စည်ပင်သာယာ ဖြစ်ချင်ဖြစ်မယ်၊ တခြားပလပ်မြေတွေ ဖြစ်ရင်ဖြစ်ပါမယ်။ ဒါကြောင့် အဓိကကတော့ ဆိုင်ဖွင့်တယ် ဆိုလို့ရှိရင်တော့ ကိုယ်ကနေရာ Platform တစ်ခုကတော့ ရှိရပါမယ်။ ဒါကြောင့်နေရာလို့ ဆိုခြင်းအားဖြင့် ဒီလိုမတိကျ မရေရာသဘောမျိုးကြောင့် ကျွန်တော်တို့ဆိုင်တွေဟာ နေရာတိုင်းမှာ ဖွင့်နိုင်တဲ့သဘော ဖြစ်ပါတယ်။ ဒါကြောင့် ဆိုင်ဖွင့်မယ်ဆိုလို့ရှိရင် ဥပဒေကြောင်းအရ ပိုင်ဆိုင်ခွင့်ရှိသော နေရာဖြစ်ရမယ်ဆိုတာကို ထည့်သွင်းပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာနပြောပါ။

**ဦးထင်အောင်(ဒုတိယဝန်ကြီး၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန)** ။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးဖုန်းမြင့်အောင် ဆွေးနွေးတုန်းကလည်း ဒီဆိုင်နဲ့ အလုပ်ဌာနတွေနဲ့ပတ်သက်လို့ ဈေးသွား၊ ဈေးလာတွေ၊ ဈေးဝယ်သူတွေ ကိစ္စနဲ့ပတ်သက်လို့လည်း ဆွေးနွေးထားတာ ရှိပါတယ်။ အဲဒါနဲ့ပတ်သက်လို့လည်း ကျွန်တော်တို့ အလုပ်သမား ဝန်ကြီး ဌာနကနေ တာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေနဲ့(၃၀)ရက်နေ့က ဆွေးနွေးတဲ့အခါမှာ မြို့တော်စည်ပင်သာယာရေးကော်မတီနဲ့ စည်ပင်သာယာရေးဦးစီးဌာနတွေက ဆောင်ရွက်နေတဲ့ စည်းကြပ်နေတဲ့၊ ဥပဒေတွေလည်း ရှိပါတယ်။ အဲဒါတွေကတော့သူ့ဟာသူ သူတို့ စည်ပင်သာယာရေး ဥပဒေတွေနဲ့အညီ စည်းကြပ်သွားဖို့ဆိုပြီးတော့ ဆွေးနွေးညှိနိုင်းသဘောတူပြီးတော့ ဒီအတိုင်းထားရှိဖို့ကို ဆုံးဖြတ်ထားတာ ဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက ပြောဖို့ ရှိပါသလား။

**ဦးခင်မောင်ရီ(ဥက္ကဋ္ဌ၊ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆွေးနွေးစဉ်ကတည်းကလည်း အဲဒီအချက် ဆွေးနွေးပါတယ်။ ဒီဥပဒေ ပြဋ္ဌာန်းရခြင်းရဲ့ ရည်ရွယ်ချက်၊ ဥပဒေကို ကိုင်တွယ်ကျင့်သုံးမယ့် ဝန်ကြီးဌာနရဲ့ လုပ်ပိုင်ခွင့်ဘောင်၊ ဥပဒေရဲ့ လွှမ်းမိုးမှုဘောင်နဲ့ လွဲနေပါတယ်။ ဒါတွေဟာ သူပြောတဲ့ အဓိပ္ပာယ်ဟာ နောက်မှာ ပုဒ်မ ၁၈ မှာလည်း ပါခဲ့ပါတယ်။ လမ်းဘေးကျူးကျော်ဆိုင်များနဲ့မပတ်သက်စေရ ဘာညာဆိုတာတွေလည်း ကန့်သတ်ချက်တွေရှိပါတယ်ခင်ဗျား။ ဒါကြောင့် YCDC ရန်ကုန်မြို့တော်စည်ပင်သာယာရေး၊ မန္တလေးမြို့တော်စည်ပင်သာယာရေး၊ နောက်ပြီးတော့ နေပြည်တော်စည်ပင်သာယာရေးစတဲ့ အဖွဲ့အစည်းကြီးတွေ၊ နောက်စည်ပင်သာယာရေးဌာန အဖွဲ့အစည်းတွေ အဲဒါတွေက ကြီးကြပ်တဲ့ ဥပဒေထဲမှာ ပါနေပါတယ်ခင်ဗျား။ ဒါကြောင့် ဒီဥပဒေရဲ့ ပြဋ္ဌာန်းခြင်းရည်ရွယ်ချက်နဲ့သူ့ဌာနရဲ့ လုပ်ပိုင်ခွင့်ဘောင်ထဲမှာ မရှိပါဘူးခင်ဗျား။ အဲဒါကြောင့် အရင်ကတည်းက ရှင်းပြခဲ့ပြီး ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးဖုန်းမြင့်အောင် လက်ခံပြီလား။ မဲခွဲပေးရမှာလား။

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။ မဲခွဲပေးပါ ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကောင်းပြီ။

သဘောမတူတဲ့သူ ရှိတဲ့အတွက် အခန်း(၁)၊ အခန်း ခေါင်းစဉ်၊ အပိုဒ် ၁၊ အပိုဒ် ၂(က)(ခ)(ဂ)(င)(စ)(ဇ) အနက်ကို အပိုဒ် ၂ (က) ဆိုင်ဆိုသည်မှာ ဆိုတဲ့အပိုဒ်နဲ့ ပတ်သက်လို့ ဦးဖုန်းမြင့်အောင် က သဘောမတူပါဘူး။ ဒါကြောင့် ဒါကိုလျှို့ဝှက်ဆန္ဒပြုတဲ့စနစ်နဲ့ စက်ခလုတ် အသုံးပြုပြီး မဲခွဲမှာဖြစ်ပါတယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲ ပေးနိုင်ကြပါပြီ။

အဆိုအပေါ် ထောက်ခံ(၁၅၀)၊ ကန့်ကွက်(၁၁)၊ ကြားနေ (၁၀)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် အခန်း(၁)၊ အခန်း ခေါင်းစဉ်၊ အပိုဒ် ၁၊ အပိုဒ် ၂(က)(ခ)(ဂ)(င)(စ)(ဇ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အခန်း(၁)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၁၊ အပိုဒ် ၂(က)(ခ)(ဂ)(င)(စ)(ဇ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ 　　　။ ဥပဒေကြမ်းကော်မတီ၏ အသစ် ဖြည့်စွက်ချက်များကို တင်ပြပါမယ်ခင်ဗျား။ အခန်း(၂) အခန်းခေါင်းစဉ်၊ အပိုဒ် ၃(က)(ခ)(ဂ)(ဃ)

**အခန်း(၂)**

**ရည်ရွယ်ချက်များ**

၃။ 　ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ဆိုင်များနှင့် အလုပ်ဌာနများရှိ အလုပ်သမားများ၏ အလုပ်လုပ်ချိန်သတ်မှတ်ရန်၊

(ခ) လုပ်ခမှန်ကန်စွာရရှိရန်၊

(ဂ) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရန်၊

(ဃ) ကျန်းမာရေးအတွက် ရပိုင်ခွင့်များကို ကာကွယ် စောင့်ရှောက်ပေးရန်။

ဒီ အသစ်ဖြည့်စွက်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ 　　။ ဒီအသစ်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၂)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၃(က)(ခ)(ဂ)(ဃ) အသစ်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

အသစ်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၂)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၃(က)(ခ)(ဂ)(ဃ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များဖြစ်တဲ့ အခန်း(၃)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၄၊ အပိုဒ် ၅ (က) (ခ) တို့ဖြစ်ပါတယ်။

## အခန်း(၃)

## စစ်ဆေးရေးအရာရှိများ ခန့်ထားခြင်း

၄။ ဝန်ကြီးဌာနသည် ဤဥပဒေပါ ရည်ရွယ်ချက်များ အကောင်အထည် ဖော်ဆောင်ရွက်ရန် စစ်ဆေးရေးအရာရှိများ ကို ဝန်ထမ်းဖွဲ့စည်းပုံနှင့်အညီ ခန့်အပ်နိုင်သည်။

၅။ ညွှန်ကြားရေးမှူးချုပ်သည် -

(က) ရာထူးအလျောက် စစ်ဆေးရေး အရာရှိချုပ် ဖြစ်သည်။

(ခ ) စစ်ဆေးရေးအရာရှိများအား နယ်မြေသတ်မှတ် တာဝန်ပေးနိုင်သည်။

ဒီ ပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၃)၊ အခန်း ခေါင်းစဉ်၊ အပိုဒ် ၄၊ အပိုဒ် ၅ (က)(ခ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၃)၊ အခန်း ခေါင်းစဉ်၊ အပိုဒ် ၄၊ အပိုဒ် ၅(က)(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် အခန်း(၄)၊ အပိုဒ် ၆၊ အပိုဒ် ၇ ခြေဆင်း၊ အပိုဒ် ၇(က)(ခ)တို့ ဖြစ်ပါတယ်။

၆။ 　　စစ်ဆေးရေးအရာရှိချုပ်သည် ဤဥပဒေအရ မိမိအား အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များ အပြင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် စစ်ဆေးရေးအရာရှိ၏ လုပ်ပိုင်ခွင့်များကို သုံးစွဲဆောင်ရွက်နိုင်သည်။

၇။ 　　စစ်ဆေးရေးအရာရှိ တစ်ဦးဦးသည်-

(က) 　မိမိအားခန့်ထားသည့် နယ်နိမိတ်အတွင်းရှိ ဆိုင်နှင့် အလုပ်ဌာနဖြစ်သည်ဟု ယုံကြည်ရန် အကြောင်းရှိသည့် နေရာသို့ ဤဥပဒေပါကိစ္စများအလို့ငှာ စစ်ဆေးရေး အရာရှိ သက်သေခံ ကတ်ပြားကို ပြသပြီး ဝင်ရောက်နိုင်သည်။ ညဥ့်အချိန် ထိုသို့ ဝင်ရောက်ပါက သက်သေ ၂ ဦးနှင့်အတူ ဝင်ရောက် ရမည်။ ထိုနေရာရှိ မှတ်တမ်း များနှင့် စာရွက်စာတမ်းအထောက်အထားများ၊ အီလက်ထရောနစ်စနစ်သုံး မှတ်တမ်း၊ အကြောင်းကြားစာများကို ကြည့်ရှုစစ်ဆေးရမည့်အပြင် လုပ်ငန်းစဉ်များ၏ မှတ်တမ်း နှင့်စပ်လျဉ်း၍ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းများ ရယူခွင့်၊ ကူးယူခွင့်နှင့် အခြားလိုအပ် သော စစ်ဆေး မေးမြန်းမှုများကို ဆောင်ရွက်နိုင်သည်။

(ခ) 　ဤဥပဒေအရ အကျုံးဝင်သက်ဆိုင်သော ဆိုင်နှင့် အလုပ်ဌာန၏ မှတ်တမ်းများ၊ စာရွက်စာတမ်း အထောက်အထားများ သို့မဟုတ် ခေတ်မီနည်းပညာသုံး အခြား အထောက်အထားများကို လိုအပ်ပါက သက်သေ ၂ ဦးနှင့်အတူ ရှာဖွေပုံစံဖြင့် သက်သေခံ ပစ္စည်းအဖြစ် သိမ်းဆည်းနိုင်သည်။

ဒီ ပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ 　　။ ၇(က) အောက်ဆုံးမှာ ထိုနေရာရှိ မှတ်တမ်းများနှင့် စာရွက်စာတမ်း အထောက်အထားများ၊ အီလက်ထရောနစ်စနစ်သုံး မှတ်တမ်း၊ အကြောင်းကြားစာများကို ကြည့်ရှု စစ်ဆေးရမည့်အပြင် လုပ်ငန်းစဉ်များ၏ မှတ်တမ်းနှင့် စပ်လျဉ်း၍ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းများ ရယူ ခြင်း၊ ကူးယူခြင်းနှင့် အခြားလိုအပ်သော စစ်ဆေးမေးမြန်းမှုများကို ဆောင်ရွက်နိုင်သည်။ ဒီလိုဖြစ်မယ်။ ဒီနေရာမှာ " ခွင့် "မဟုတ်တော့ဘူး။ ဝန်ကြီးဌာန

**ဥက္ကဋ္ဌ**။ 　　။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၄)၊ အပိုဒ် ၆၊ အပိုဒ် ၇ ခြေဆင်း၊ အပိုဒ် ၇(က)(ခ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၄)၊ အပိုဒ် ၆၊ အပိုဒ် ၇ ခြေဆင်း၊ အပိုဒ် ၇(က)(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ညာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များဖြစ်တဲ့ အခန်း(၅)၊ အပိုဒ် ၈၊ အပိုဒ် ၉၊ အပိုဒ် ၁၀(က)(ခ)၊ အပိုဒ် ၁၁ ခြေဆင်း၊ အပိုဒ် ၁၁ (က)(ခ)(ဂ)၊ အပိုဒ် ၁၂ (က)(ခ)၊ အပိုဒ် ၁၃ (က)၊ အပိုဒ် ၁၄ (က)(ခ)၊ အပိုဒ် ၁၅ (က)(ခ)(ဃ)(င)၊ အပိုဒ် ၁၆ (က)(ခ)၊ အပိုဒ် ၁၇ ၊ အပိုဒ် ၁၈ (က)(ခ)တို့ကို တင်ပြပါမယ်။

၈။ ဆိုင်နှင့် ကုန်သွယ်အလုပ်ဌာနများကို သာမန်အားဖြင့် ည(၁၁)နာရီ နှင့် နံနက်(၅)နာရီကြား ပိတ်ထားရမည်။ သို့ရာတွင်ည(၁၁) နာရီအချိန်တွင် ဆိုင်၌ ဝယ်ယူရန် စောင့်ဆိုင်းနေသူအား သို့မဟုတ် ဝန်ဆောင်မှုရယူနေသူအား အဆိုပါ အချိန်ကုန်လွန်ပြီး နောက်တစ်ဆက်တည်းဖြစ်သော မိနစ် (၃၀) ကာလအပိုင်းအခြား အတွင်းတွင် ရောင်းချဝန်ဆောင်မှုပေးနိုင်သည်။

၉။ အများပျော်ရွှင်ရေး အလုပ်ဌာနပါ ဇာတ်ရုံ၊ ဖျော်ဖြေပွဲများ နှင့် ဝင်ကြေးအခမဲ့ဗလာပွဲများ ကျင်းပသည့် နေရာများမှလွဲ၍ကျန်အများပျော်ရွှင်ရေး အလုပ်ဌာနများကို နံနက် (၁)နာရီမှ နံနက်(၅) နာရီ ကြား ပိတ်ထားရမည်။

၁၀။ အလုပ်ရှင်သည် -

(က) လုပ်ငန်းသဘာဝအရ (၁)ရက်လျှင် (၂၄)နာရီ ဖွင့်လှစ်ရန်လိုအပ်သည့် ဆိုင်၊ အလုပ်ဌာနနှင့် အများပျော်ရွှင်ရေး အလုပ်ဌာနများအတွက် ဦးစီးဌာနသို့ ကြိုတင်၍ ခွင့်ပြုချက်တောင်းခံရမည်။

(ခ) ပုဒ်မခွဲ(က)အရ ခွင့်ပြုချက်မရရှိဘဲ (၂၄) နာရီ ဖွင့်လှစ်ခြင်း မပြုရ။

၁၁။ အလုပ်ရှင်သည် အောက်ဖော်ပြပါ ဆိုင်၊ ကုန်သွယ် အလုပ်ဌာန၊ အများပျော်ရွှင်ရေး အလုပ်ဌာနများကို လုပ်ငန်းသဘာဝအရ(၁)ရက်လျှင် (၂၄)နာရီ ဖွင့်လှစ်လိုပါက ဦးစီးဌာနသို့ ကြိုတင်အသိပေး အကြောင်းကြား၍ လုပ်ကိုင်နိုင်သည် -

(က) လေဆိပ်၊ သင်္ဘောဆိပ်၊ အဝေးပြေးကားဂိတ်၊ ဘူတာရုံများရှိဆိုင်၊ လမ်းတံတားအသုံးပြုခ ကောက်ခံရေး စခန်း၊ ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုခန်းနှင့် ကလပ်များ၊

(ခ) ဆေးရုံ၊ ဆေးခန်း၊ ဆေးနှင့် ဆေးပစ္စည်း ကိရိယာများ ရောင်းချသည့် ဆိုင်များ၊

(ဂ) ပြည်သူတို့အား လျှပ်စစ်ဓာတ်အား သို့မဟုတ် ဓာတ်ငွေ့ရည် သို့မဟုတ် ရေပေးဝေသော လုပ်ငန်း သို့မဟုတ် ဆက်သွယ်ရေး လုပ်ငန်းများနှင့် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာဖြင့် ကင်းလွတ်ခွင့်ပြုသည့် အများပြည်သူအတွက် မရှိမဖြစ် လိုအပ်သော ဝန်ဆောင်မှု လုပ်ငန်း၊ ဆိုင်နှင့် အလုပ်ဌာန။

၁၂။ (က) ဆိုင် သို့မဟုတ် အလုပ်ဌာန၌ အလုပ်လုပ်သော အလုပ်သမား တစ်ဦးကို တစ်ရက်လျှင်(၈) နာရီထက်ပို၍ လည်းကောင်း၊ ရက်သတ္တပတ် တစ်ပတ်လျှင်(၄၈) နာရီထက်ပို၍လည်းကောင်း၊အလုပ်မလုပ်စေရ သို့မဟုတ် လုပ်ခွင့်မပြုရ၊ သို့ရာတွင် တစ်ရက်

လျှင် (၈)နာရီထက်ပို၍လည်းကောင်း၊ ရက်သတ္တပတ် တစ်ပတ်လျှင်(၄၈)နာရီထက် ပို၍လည်းကောင်း၊ အလုပ်သမား၏ သဘောဆန္ဒရယူ၍ ဥပဒေနှင့်အညီ အချိန်ပို လုပ်ကိုင်နိုင်သည်။

(ခ) အချိန်ပိုလုပ်သော နာရီစုစုပေါင်းသည် မည်သည့် ရက်သတ္တပတ် တစ်ပတ်၌ မဆို (၁၂)နာရီထက် မပိုစေရ။ သို့ရာတွင် အထူးကိစ္စရပ်အနေဖြင့် လိုအပ်ချက်ရှိပါက ရက်သတ္တပတ်၌ (၁၆) နာရီ ထက်မပိုစေရ။ ထို့ပြင် ညဥ့်သန်းခေါင် (၁၂)နာရီ ထက် ကျော်လွန် လုပ်ကိုင်ခြင်း မပြုရ။

၁၃။ (က) ဆိုင် သို့မဟုတ် အလုပ်ဌာနတစ်ခုခုတွင်လုပ်ကိုင်သော အလုပ်သမား တစ်ဦးဦးကို မည်သည့်နေ့ရက်၌မဆို အနည်းဆုံး မိနစ် (၃၀) အနားမပေးဘဲ တစ်ဆက်တည်း (၅) နာရီထက်ပို၍ အလုပ်မလုပ်စေရ သို့မဟုတ် လုပ်ခွင့်မပြုရ။ ထို့အပြင် နားချိန်နှင့် အလုပ်လုပ်ချိန် စုစုပေါင်းသည် ဆိုင်နှင့် ကုန်သွယ် အလုပ်ဌာန၊ အများပျော်ရွှင်ရေး အလုပ်ဌာနအတွက်ဖြစ်ပါက အချိန်ပိုနှင့် နားချိန် (၁)နာရီ အပါအဝင် (၁) ရက်လျှင် (၁၁) နာရီထက် မပိုစေရ၊

၁၄။ (က) အသက် (၁၄) နှစ်မပြည့်သေးသော မည်သူ့ကိုမဆို ဆိုင်တစ်ခုခု၌ဖြစ်စေ၊ အလုပ်ဌာနတစ်ခုခု၌ ဖြစ်စေ အလုပ်မလုပ်စေရ သို့မဟုတ် လုပ်ခွင့်မပြုရ။

(ခ) ဆိုင် သို့မဟုတ် အလုပ်ဌာနတစ်ခုခု၌ အသက်(၁၆)နှစ် မပြည့်သေးသူအားသတ်မှတ် အလုပ်ချိန်ထက် ကျော်လွန်၍ အချိန်ပို လုပ်ခွင့်မပြုရ။

၁၅။ (က) အသက် (၁၄) နှစ် ပြည့်ပြီး အသက် (၁၆) နှစ် မပြည့်သေးသူများကို အလုပ်လုပ်ရန် သင့်တော်ကြောင်း တာဝန်ခံဆရာဝန်၏ ခွင့်ပြုချက် ရယူလုပ်ကိုင်စေနိုင်သည်။ သို့သော်တစ်ရက်လျှင် (၄)နာရီထက်ပို၍လုပ်ကိုင်ခွင့်မပြုရ။ အားလပ်ချိန်နှင့်အလုပ်ချိန် စုစုပေါင်း (၅) နာရီထက် မပိုစေရ။

(ခ ) အသက် (၁၄)နှစ်ပြည့်ပြီး အသက် (၁၆) နှစ် မပြည့်သေးသည့် မည်သူ့ကိုမျှ ညဥ့် (၆) နာရီ မှ နံနက် (၆) နာရီ အချိန်အတွင်း မခိုင်းစေရ သို့မဟုတ် အလုပ်လုပ်ခွင့် မပြုရ။

(ဃ ) အသက် (၁၈) နှစ်မပြည့်သေးသော မည်သည့် အလုပ်သမားကိုမျှ အန္တရာယ်ရှိသည် ဟု သတ်မှတ်ထားသော လုပ်ငန်း သို့မဟုတ် လုပ်ငန်းခွင်တွင် အလုပ်မလုပ်စေရ သို့မဟုတ် လုပ်ခွင့် မပြုရ။

(င ) အသက် (၁၈) နှစ် မပြည့်သေးသော်လည်း အသက် (၁၆)နှစ်ပြည့်ပြီးသူများ အနက် မှသက်ဆိုင်ရာလုပ်ငန်းအလိုက် အသက်မွေးဝမ်းကျောင်းသင်တန်းများတက်ရောက် အောင်မြင်ပြီးသူဖြစ်ခြင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး ဆိုင်ရာ ညွှန်ကြားချက်များကို နားလည်သိရှိလိုက်နာနိုင်သူဖြစ်ခြင်း၊ ကျန်းမာကြံ့ခိုင် သူဖြစ်ခြင်းတို့နှင့် ပြည့်စုံသူများအား ဘေးအန္တရာယ်ကင်းရှင်းပြီး ၎င်းတို့၏ ဖွံ့ဖြိုး တိုးတက်မှုနှင့် စိတ်ဓာတ်ကို မထိခိုက်စေနိုင်သည့် လုပ်ငန်းများတွင် အလုပ် လုပ်ရန်

သင့်တော်ကြောင်း တာဝန်ခံလက်မှတ်ထုတ်ပေးသည့် ဆရာဝန်၏ ထောက်ခံချက်ဖြင့် လုပ်ကိုင်ခွင့်ပြုနိုင်သည်။

၁၆။ အလုပ်ရှင်သည် -

(က) ဆိုင်နှင့် အလုပ်ဌာန အသီးသီး၌ ရက်သတ္တပတ်တစ်ပတ်လျှင် အနည်းဆုံး (၁) ရက်ကို အလုပ်သမား နားရက်အဖြစ် သတ်မှတ်ပေးရမည်။

(ခ ) ပုဒ်မခွဲ(က)ပါ နားရက် ၁ ရက်အတွက် ထိုအလုပ်သမား၏ ရသင့်သော အခကြေးငွေကို ဖြတ်တောက်ခြင်း မပြုရ။

၁၇။ အလုပ်ရှင်သည် ဆိုင်နှင့် အလုပ်ဌာနအသီးသီး၌ အလုပ်သမား၏ အခကြေးငွေပေးရန်ကာလအပိုင်းအခြား ကုန်ဆုံးပြီးနောက် တစ်ဆက်တည်းဖြစ်သော (၇)ရက်ထက် နောက်ကျ၍ ထုတ်ပေးခြင်း မပြုရ။

၁၈။ အလုပ်ရှင်သည် -

(က) ဆိုင်နှင့် အလုပ်ဌာနအသီးသီး၌ အလုပ်သမား၏ သဘောတူညီချက်အရ အချိန်ပိုလုပ်ရလျှင် အချိန်ပို နာရီအလိုက် ဤဥပဒေပါ သတ်မှတ်ချက်အတိုင်း အချိန်ပိုအခကြေးငွေကို တွက်ချက်ရမည်။

(ခ ) ပုဒ်မခွဲ(က)အရ အချိန်ပိုအခကြေးငွေကို တွက်ချက်ပေးခြင်း မပြုဘဲ အချိန်ပိုခိုင်းစေခြင်း မပြုရ။

ဒီ ပြင်ဆင်ချက်များကို အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ၁၂(က) ဆိုင် သို့မဟုတ် အလုပ်ဌာန၌ အလုပ်လုပ်သော အလုပ်သမား တစ်ဦးကို တစ်ရက်လျှင် (၈)နာရီထက်ပို၍လည်းကောင်း၊ ရက်သတ္တတစ်ပတ်လျှင်(၄၈)နာရီထက်ပို၍ လည်းကောင်း၊ အလုပ် မလုပ်စေရ သို့မဟုတ် လုပ်ခွင့်မပြုရ၊ သို့ရာတွင် တစ်ရက်လျှင် (၈)နာရီ ထက်ပို၍လည်းကောင်း၊ ရက်သတ္တတစ်ပတ်လျှင် (၄၈) နာရီထက်ပို၍ လည်းကောင်း၊ အလုပ်သမား၏ သဘောဆန္ဒရယူ၍ ဥပဒေနှင့်အညီ အချိန်ပိုလုပ်ကိုင်နိုင်သည်ဆိုတော့ ရှေ့ကလုပ်ခွင့်မပြုရဆိုတာနဲ့ နောက်က လုပ်ကိုင်ခွင့်ပြုနိုင်သည်ဆိုတာနဲ့ သွားပြီးတော့ Conflict ဖြစ်နေတယ်။ အလုပ်မလုပ်စေရ ဆိုပြီးတော့ ပုဒ်ထီးရပ်လိုက်လို့ရှိရင်တော့ Conflict မရှိဘူး။ ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတွေ့လား မသိဘူး။ သူက လုပ်ခွင့်မပြုရလို့လည်းဆိုသေးတယ်။ သူ့ဆန္ဒယူပြီးတော့ လုပ်ကိုင်နိုင်တယ်လို့လည်း ဆိုသေးတယ်နော်။ ရှေ့မှာလုပ်ခွင့်မပြုရဆို လမ်းကပိတ်သွားတယ်လေ။

**ဦးထင်အောင်(ဒုတိယဝန်ကြီး၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန)** ။ ။ မှန်ပါတယ်ခင်ဗျ။ အလုပ်မလုပ်စေရမှာ ဖျက်ရပါမယ်။

**ဥက္ကဋ္ဌ**။ ။ အလုပ်မလုပ်စေရမှာ ဖျက်ရမယ်၊ ရပြီနော်။ သို့မဟုတ် လုပ်ခွင့်မပြုရ ဆိုတာကို ဖြုတ်ရမယ်။

**ဥက္ကဋ္ဌ**။ ။ နောက်တစ်ခုက ၁၅(က) အသက် (၁၄)နှစ် ပြည့်ပြီး အသက် (၁၆)နှစ်မပြည့်သေးသူများကို အလုပ်လုပ်ရန်သင့်တော်ကြောင်း တာဝန်ခံဆရာဝန်၏ ခွင့်ပြုချက် ရယူလုပ်ကိုင်စေနိုင်သည်။ သို့သော်တစ်ရက်လျှင် (၄) နာရီထက်ပို၍ လုပ်ကိုင်ခွင့်မပြုရ။ ဒီအထိ ကပြဿနာမရှိဘူး။ အားလပ်ချိန်နှင့် အလုပ်ချိန် စုစုပေါင်း (၅)နာရီထက် မပိုစေရဆိုတဲ့ အခါကျတော့ အလုပ်ချိန် (၅)နာရီတိုင်းကို မိနစ်(၃၀) အနားပေးရမယ်ဆိုတာ ရှေ့ကဖော်ပြချက်ကပါနေတယ်။ ပါနေတော့ ဒီမှာ အလုပ်ချိန် (၄)နာရီ၊ အားလပ်ချိန် (၁)နာရီဆိုတဲ့အတွက် သူကသွားပြီးတော့ ရှေ့နောက်မညီတော့ဘူး ဖြစ်သွားပြီ၊တကယ်လုပ်ကိုင်ခွင့်မပြုရဆို ရပ်သွားပြီ၊ သူကပြီးသွားပြီ။ သဘောပေါက်ပြီနော်၊ တစ်ရက်လျှင် (၄) နာရီ ထက်ပို၍ လုပ်ကိုင်ခွင့်မပြုရ၊ ခြွင်းချက်ပေးလို့မရဘူး ဒါက၊

**ဦးထင်အောင်(ဒုတိယဝန်ကြီး၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန)**

။ ။ မှန်ပါတယ်ခင်ဗျ၊ ဟုတ်ပါတယ်ခင်ဗျား၊ ဟုတ်ကဲ့။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြော။

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပုဒ်မ ၁၂(က)မှာ အလုပ်ချိန်ကို တစ်ရက်ကို (၈)နာရီလို့ သတ်မှတ်ပြီးသား ဖြစ်ပါတယ်။ ဒါပေမဲ့ ပုဒ်မ ၁၃(က)မှာကျတော့ ဒီအလုပ်ချိန်ကို (၅)နာရီထက် ပိုပြီးတော့ မခိုင်းရ၊ (၅)နာရီမှာ မိနစ်(၃၀) အနားပေးရမယ်ဆိုတဲ့ ပြဋ္ဌာန်းချက်ရှိပါတယ်။ ဒီအတွက် ဒီနှစ်ခုကိုပိုပြီး လိုက်လျောညီထွေဖြစ်အောင် တစ်နေ့ကို (၈)နာရီပဲ ခိုင်းမယ်ဆိုလို့ရှိရင် နားချိန်က အလယ်မှာ ဖြစ်သင့်ပါတယ်။ ဒါကြောင့် ကျွန်တော်ဟာ ဒီအလုပ်ချိန်ကို ဒီ (၅)နာရီထက်ပို၍ အလုပ်မလုပ်စေရဆိုတဲ့ နေရာမှာ ကျွန်တော် (၄) နာရီလို့ ပြင်ဆင်လိုပါတယ်ခင်ဗျား။

နောက် ဆက်လက်ပြီး တင်ပြလိုတာက ကျွန်တော်တို့ ထိုင်ပြီးလုပ်ရတဲ့ လွှတ်တော်အစည်းအဝေးတောင်မှ (၂)နာရီထက်ကျော်ပြီး မလုပ်နိုင်ပါဘူး။ ကျွန်တော်တို့ ကမ္ဘာမှာ အရှည်ဆုံးရှိတဲ့ ရုပ်ရှင်ကားတွေတောင်မှ (၃)နာရီထက် မကျော်ပါဘူးခင်ဗျား။ ဒါကြောင့် အလုပ်လုပ်ချိန်ကိုလည်း (၄)နာရီထက်ပိုပြီး မရှိသင့်တဲ့အကြောင်း ကျွန်တော်တင်ပြလိုပါတယ်။ ကျွန်တော်လည်း အလုပ်သမားဘဝက ပြည်တွင်းပြည်ပကလာခဲ့တာပါ။ ဘယ်အလုပ်ခွင်မှ ကျွန်တော်တို့ (၄)နာရီထက်ကျော်ပြီး လုပ်ခွင့်မရှိခဲ့ပါဘူး။ ကြားထဲမှာ Break ပေးပါတယ်။ ဒါကြောင့် ကျွန်တော်ဟာ ဒီတစ်ရက်မှာ (၈)နာရီလို့ သတ်မှတ်ပြီးသားဖြစ်တဲ့အတွက် ဒီအလုပ်နားချိန်ဟာ သူ့ရဲ့ အလယ်ဖြစ်တဲ့ (၅)နာရီထက် (၄)နာရီအစား ပြင်ဆင်နိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မဟုတ်ဘူးလေ။ သူက ဒါ (၈)နာရီဆိုတာနဲ့ မသက်ဆိုင်ဘူး။ သူက (၁၂)နာရီထက် မပိုစေရဆိုတာနဲ့ သွားပြီးတော့ သက်ဆိုင်တယ်။ (၁၂)နာရီထက်မပိုစေရ ဖြစ်တဲ့အတွက် အလုပ်လုပ်ချိန်က(၁၁)နာရီ နားချိန်က (၁)နာရီ၊ ဒါကြောင့်မို့လို့ (၅)နာရီမှာ နာရီဝက်နား။ နောက် (၅)နာရီမှာ နာရီဝက်နားဖြစ်တဲ့အတွက် (၁၂)နာရီထက် မပိုစေရ။ ဟုတ်တယ်မဟုတ်လား။ ဒီသဘော ဥပဒေက ပြဋ္ဌာန်းထားတာ မဟုတ်လား။ (၈)နာရီနဲ့ တွက်မဟုတ်ဘူး။ (၁၂)နာရီဆိုတဲ့ရှေ့က စကားရှိတယ်။ သြော် မဟုတ်ဘူး။ (၁၂)နာရီ ဆိုတာက အချိန်ပဲ မှားသွားပြီ။ အဲဒီလိုမဟုတ်ဘူး။ အဲဒီတော့ ဦးဖုန်းမြင့်အောင် ပြောတာလည်း စဉ်းတော့စဉ်းစားသင့်ပါတယ်။ (၈)နာရီပဲ ဒါဟုတ်တယ်။ ဝန်ကြီးဌာနက ဘာများပြောစရာရှိလဲ မသိဘူး။ အလုပ်ချိန် (၈)နာရီ၊ (၈)နာရီထက်မပိုရဖြစ်တဲ့အတွက် သူက (၄)နာရီမှာ တစ်ခါ မိနစ်(၃၀) အနားပေးဖို့ ဖြစ်သင့်တယ်။ ဒုတိယဝန်ကြီးတွေ့လားမသိဘူး။ ၁၃(က)မှာ (၅) နာရီအစား (၄) နာရီပြင်တာပါ။

**ဦးခင်မောင်ရီ (ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)**။ ။ ကျွန်တော်တို့ ကြားနာစဉ်က အတွင်းရေးမှူးချုပ် လာတာဖြစ်ပါတယ်။ ဒါလည်းကျွန်တော်တို့ ဦးဖုန်းမြင့်အောင် အဲဒီမှာလည်း ဆွေးနွေးပါတယ်။ သူကတော့ ဒါ ILO standard တွေပေါ့၊ နိုင်ငံတကာအပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်းရဲ့ standardတွေ ဖြစ်ပါတယ်လို့ ပြန်ဖြေတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်လက်ခံခဲ့ခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့လည်း ILO အဖွဲ့ဝင်ဆိုတော့ ဒီစာချုပ်တွေအတိုင်းပဲ ရေးတာ ဖြစ်ပါတယ်လို့ ပြောပါတယ်။

**ဥက္ကဋ္ဌ**။ ။ standard ကတော့ သူ့ထက်ကျော်ပြီးမလုပ်ရင်ရတယ်ပဲ။ လျော့ပြီးလုပ်ရင်ရတာပဲ။ ရတယ်နော်။ ကဲ ဦးဖုန်းမြင့်အောင် တင်ပြတဲ့အတိုင်း လက်ခံပါတယ်။ ရပြီနော်၊ အဲဒီတော့ (၅) နာရီထက်ပို၍ အစား (၄) နာရီ ထက်။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၅)၊ အပိုဒ် ၈၊ အပိုဒ် ၉၊ အပိုဒ် ၁၀(က)(ခ)၊ အပိုဒ် ၁၁ ခြေဆင်း၊ အပိုဒ် ၁၁ (က)(ခ)(ဂ)၊ အပိုဒ် ၁၂(က)(ခ)၊ အပိုဒ် ၁၃(က)၊ အပိုဒ် ၁၄(က)(ခ)၊ အပိုဒ် ၁၅ (က)(ခ)(ဃ)(င)၊ အပိုဒ် ၁၆ (က)(ခ)၊ အပိုဒ် ၁၇၊ အပိုဒ် ၁၈ (က)(ခ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၅)၊ အပိုဒ် ၈၊ အပိုဒ် ၉၊ အပိုဒ် ၁၀(က)(ခ)၊ အပိုဒ် ၁၁ ခြေဆင်း၊ အပိုဒ် ၁၁(က)(ခ)(ဂ)၊ အပိုဒ် ၁၂(က)(ခ)၊ အပိုဒ် ၁၃(က)၊ အပိုဒ် ၁၄(က)(ခ)၊ အပိုဒ် ၁၅(က)(ခ)(ဃ)(င)၊ အပိုဒ် ၁၆(က)(ခ)၊ အပိုဒ် ၁၇၊ အပိုဒ် ၁၈(က)(ခ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**အချိန်၊ ၁၁:၀၀။**

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တ ခဏရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁:၀၀ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁:၁၅ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁:၁၅။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၁:၂၂။**

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် အခန်း(၆)အပိုဒ် ၁၉ (ခ)ကို ဆက်လက် တင်ပြပါ့မယ်ခင်ဗျ။

၁၉။ အလုပ်သမားသည် -

(ခ) ကုန်ပစ္စည်းများ နှင့် လုပ်ငန်းသုံးပစ္စည်းများကို မပျက်စီး၊ မပျောက်ပျက်၊ မလေလွင့်အောင် ထိန်းသိမ်းရမည်။

ဒီပြင်ဆင်ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၆)၊ အပိုဒ် ၁၉(ခ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၆)၊ အပိုဒ် ၁၉(ခ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များဖြစ်တဲ့ အခန်း(၇)၊ အပိုဒ် ၂၁၊ အပိုဒ် ၂၂(ခ)၊ အပိုဒ် ၂၃ တို့ ဖြစ်ပါတယ်။

၂၁။ အလုပ်ရှင်သည် ဆိုင်နှင့်အလုပ်ဌာနတစ်ခုခုကို စတင်ဖွင့်လှစ်ခြင်း၊ နေရာပြောင်းရွှေ့ ဖွင့်လှစ်ခြင်း၊ လုပ်ငန်းပြောင်းလဲလုပ်ကိုင်ခြင်း၊ လုပ်ငန်းတိုးချဲ့လုပ်ကိုင်ခြင်း၊ လုပ်ငန်းပိုင်ရှင်ပြောင်းလဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ ဝန်ထမ်းခန့်အပ်ခြင်းနှင့် အပြောင်းအလဲပြုလုပ်ခြင်းတို့ ပြုလုပ်သည့်နေ့ရက်မှစ၍ ၁၀ ရက်အတွင်း သတ်မှတ်ထားသောပုံစံဖြင့် စစ်ဆေးရေးအရာရှိထံ သက်ဆိုင်ရာဌာန၊ ကော်မတီအသီးသီးမှ ခွင့်ပြုထုတ်ပေးထားသော လိုင်စင်မိတ္တူနှင့်အတူ အကြောင်းကြားစာပေးပို့ရမည်။

၂၂။ အလုပ်ရှင်သည် ဤဥပဒေပါ ကိစ္စရပ်များ အလို့ငှာ -

(ခ ) ဆိုင် နှင့် အလုပ်ဌာနတစ်ခုခု၌ ဤဥပဒေနှင့် ဤဥပဒေအရပြုသည့် နည်းဥပဒေများနှင့်အညီ မိမိထားရှိသည့် မှတ်ပုံတင်စာအုပ်၊ အလုပ်ရှင်ဖြစ်ကြောင်း အထောက်အထား သို့မဟုတ် လုပ်ငန်းနှင့် သက်ဆိုင်သောစာချုပ်စာတမ်းများကို စစ်ဆေးရေးအရာရှိက တောင်းဆိုသည့်အခါ တင်ပြရမည်။

၂၃။ အလုပ်ရှင်သည် လုပ်ငန်းခွင်တွင် မြင်သာသောနေရာ၌ အလုပ်လုပ်ရန်ကာလအပိုင်းအခြားနှိုတစ်စာကို ချိတ်ဆွဲ ထားရမည်။

ဒီပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၇)၊ အပိုဒ် ၂၁၊ အပိုဒ် ၂၂(ခ)၊ အပိုဒ် ၂၃ ပြင်ဆင်ချက်အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၇)၊ အပိုဒ် ၂၁၊ အပိုဒ် ၂၂ (ခ)၊ အပိုဒ် ၂၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အခန်း(၈)၊ အပိုဒ်၂၅ ခြေဆင်း၊ အပိုဒ် ၂၅ (က)(ဂ)(င) တို့ဖြစ်ပါတယ်။

၂၅။ အလုပ်ရှင်သည် ဆိုင် နှင့် အလုပ်ဌာနတိုင်းတွင် အောက်ပါတို့ကို လိုက်နာရမည်-

(က) မျက်နှာစာသန့်ရှင်းရေး၊ အနံ့အသက်ကင်းရှင်းစေရေး၊ ကျန်းမာရေးနှင့်ညီညွတ်ရေးတို့အတွက် ကောင်းမွန်စွာ စီမံထားရမည်။

(ဂ) သတ်မှတ်ထားသည့် ဆူညံသံထက် မပိုစေရန် စီမံထားရမည်။

(င) အလုပ်သမားများအတွက် ရှေးဦးသူနာပြုဆေးသေတ္တာနှင့်ဆေးဝါးများကို သတ်မှတ်ချက်များနှင့်အညီ လုံလောက်စွာ စီမံထားရမည်။

ဒီပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ၂၅(က)က မျက်နှာစာ ဆိုတဲ့စကားလုံးကို ဘာဖြစ်လို့ထည့်လည်း။ (က) အနံ့အသက်ကင်းရှင်းစေရေး၊ ကျန်းမာရေးနှင့် ညီညွတ်ရေးတို့အတွက် ကောင်းမွန်စွာ စီမံထားရမည်ဆို လုံလောက်တာပဲ။ အဲဒီထဲမှာ(က)မပါတော့ဘူးနော်။ ပြင်ဆင်ချက်ထဲမှာ(က)မပါတော့ဘူး။ သန့်ရှင်းဆိုတဲ့ အတိုင်းအတွင်းရော၊ အပြင်ရော အကုန်ပါသွားမှာပေါ့။ ဥပစာထည့်လိုက်လို့ရှိရင် အပြင်ပဲဖြစ်မယ်။ အတွင်းမပါဘူးဖြစ်မယ်။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၈)၊ အပိုဒ် ၂၅ ခေါင်းစဉ်၊ အပိုဒ် ၂၅(ဂ)(င) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၈)၊ အပိုဒ် ၂၅ ခေါင်းစဉ်၊ အပိုဒ် ၂၅ (ဂ)(င) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် အခန်း(၉)၊ အပိုဒ် ၂၆၊ အပိုဒ် ၂၇၊ အပိုဒ် ၂၈၊ အပိုဒ် ၂၉၊ အပိုဒ် ၃၀၊ အပိုဒ် ၃၁တို့ ဖြစ်ပါ တယ်။

၂၆။ မည်သည့်အလုပ်ရှင်မဆို ပုဒ်မ ၁၀၊ ၁၁၊ ၁၂ နှင့် ၁၃ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၃ လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၁၀ သိန်းမှ အများဆုံး ကျပ်သိန်း ၃၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၇။ မည်သည့်အလုပ်ရှင်မဆို ပုဒ်မ ၁၄ နှင့် ၁၅ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ၆ လထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၅၀ မှ အများဆုံး ကျပ်သိန်း ၁၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၂၈။ မည်သည့်အလုပ်ရှင်မဆို ပုဒ်မ ၁၆၊ ၁၇ နှင့် ၁၈ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက် ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ၃ လထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၃၀ မှ အများဆုံးကျပ် ၇၅ သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ် လုံးဖြစ်စေ ချမှတ်ရမည်။

၂၉။ မည်သည့်အလုပ်သမားမဆို ပုဒ်မ ၁၉၊ ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်ကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ၃ လ ထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၃၀။ မည်သည့်အလုပ်ရှင်မဆို ပုဒ်မ ၂၁၊ ၂၂ နှင့် ၂၅ ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၃ လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်၃သိန်းမှ အများဆုံး ကျပ်၅သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၁။ မည်သည့်အလုပ်ရှင်နှင့် အလုပ်သမားမဆို ဤဥပဒေပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ထပ်မံ ၍ ဖောက်ဖျက်ကျူးလွန် ကြောင်း သို့မဟုတ် တာဝန် တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထပ်မံ၍ ကျူးလွန်သည့် ပြစ်မှုအတွက် သတ်မှတ်ထားသည့် အများဆုံး ပြစ်ဒဏ်၏ နှစ်ဆအထိ ချမှတ်ရမည်။

ဒီပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျာ။

**ဥက္ကဋ္ဌ**။ ။ သတ်မှတ်ထားသည့် အများဆုံး ပြစ်ဒဏ်၏ နှစ်ဆအထိ ဆိုမယ့်အစားကို ဂဏန်းအရေအတွက်နဲ့ ထည့်လိုက်တာကောင်းမယ်။ ပုဒ်မ(၃၀) ၃ လထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ အနည်းဆုံး ကျပ် ၃ သိန်းမှ အများဆုံး ကျပ် ၅ သိန်းအထိ ငွေဒဏ်ဖြစ်စေဆိုတဲ့အထဲမှာ၊ ၆လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၁၀ သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ သတ်မှတ်ရမည်ဟု ချမှတ်ရမည်ဟု ဆိုပြီးတော့။ ၃၁မှာဒီလိုရေးဖို့လိုတယ်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဟုတ်ကဲ့ပါခင်ဗျ။ ဥက္ကဋ္ဌကြီးခင်ဗျာ။ ပုဒ်မ(၂၇)မှာ ကျတော့ ဒါပြစ်မှု ပြစ်ဒဏ်တွေကို အားလုံးခြုံပြီးညွှန်းထားတာခင်ဗျား။ အဲဒီမှာကျတော့ ထောင်ဒဏ်က ၆လ ထက်မပိုသော ဖြစ်ပါတယ်။ နောက်ငွေဒဏ်တွေကလည်း သိန်း ၃၀၊ ၇၅သိန်း၊ သိန်း ၁၀၀ အဲဒီလိုမျိုး Valuation အများကြီးရှိပါတယ်ခင်ဗျား။ ဟုတ်ကဲ့ပါခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒါဆို ဒီအတိုင်းပဲ ထားလိုက်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

**ဒေါက်တာ ခင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ် (၇)**။ ။ မည်သည့် အလုပ်ရှင်မဆို ဆိုတာကို ဥပမာ ဘီလ်ဂိတ် ဆိုလို့ရှိရင် တစ်ကမ္ဘာလုံးမှာ သူ့လုပ်ငန်းတွေရှိတယ်။ သူ့ဆီက ပြဿနာ တစ်ခုဖြစ်တာနဲ့ ဘီလ်ဂိတ်ကို ကျွန်တော်တို့က ထောင်ချမလား။ စဉ်းစားစရာရှိပါတယ်။ ဘာကြောင့်လို့

လည်းဆိုတော့ လုပ်ငန်းရှင်ဆိုတာ လုပ်ငန်းခွဲတွေ အများကြီးရှိတော့ ဒီမှာ ဝန်ထမ်းက ပေါ့လျော့တာနဲ့ အလုပ်ရှင်ကို ထောင်ချမလားဆိုတာ စဥ်းစားစရာပါ။ အဲဒါဆို အလုပ်ရှင်တွေ ဗမာပြည်မှာ ရှိတော့မှာ မဟုတ်ဘူး။ အဲဒါလေးကို နည်းနည်း အလုပ်ရှင်အစားကို တစ်ခုပေါ့၊ အလုပ် တာဝန်ပေးတဲ့ အလုပ်ရှင် (သို့မဟုတ်)တာဝန်ပေးတဲ့သူ တစ်ယောက်အတွက် ပုံစံမျိုး၊ နောက်ပိုင်းမှာ ကျွန်တော်တို့ဟာ စီးပွားရေး ဟာ ဖွံ့ဖြိုးလာမယ်။ ဖွံ့ဖြိုးလာတာနဲ့အမျှ စီးပွားရေးလုပ်ငန်းရှင်တွေက ဆင့်ကဲဆင့်ကဲ ခိုင်းတာတွေ အရမ်း များလာတဲ့အခါကျတော့ ဒါမျိုးကို ဝန်ထမ်းပေါ့လျော့တဲ့အတွက်ကြောင့် အလုပ်ရှင်ကို ထောင်ချမယ်ဆိုရင် ဒါကို ကျွန်တော်က ကန့်ကွက်ပါတယ်။

**ဥက္ကဋ္ဌ**။　　။ အလုပ်ရှင်ဆိုတဲ့ Definition အလုပ်ရှင်ဆိုသည်မှာ ဆိုတာလေး ဖတ်ကြည့်ပါ။ အလုပ်ရှင်ဆိုသည်မှာ ရှင်းသွားပါလိမ့်မယ်။

**ဒေါက်တာခင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီး ၊ မဲဆန္ဒနယ်အမှတ် (၇)**။　　။ ဟုတ်ကဲ့။

**ဥက္ကဋ္ဌ**။　　။ ဟုတ်တယ်လေ၊ အဲဒါ သေသေချာချာ ပြည့်ပြည့်စုံစုံဖတ်ပြီးမှ ပြောဖို့လိုတယ်။ ရှေ့နောက်မှတ်ထားဖို့လိုတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၉)၊ အပိုဒ် ၂၆၊ အပိုဒ် ၂၇၊ အပိုဒ် ၂၈၊ အပိုဒ် ၂၉၊ အပိုဒ် ၃၀၊ အပိုဒ် ၃၁ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၉)၊ အပိုဒ် ၂၆၊ အပိုဒ် ၂၇၊ အပိုဒ် ၂၈၊ အပိုဒ် ၂၉၊ အပိုဒ် ၃၀၊ အပိုဒ် ၃၁ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။　　။ ဥပဒေကြမ်း ကော်မတီ၏ ပြင်ဆင်ချက်ချက်များဖြစ်တဲ့ အခန်း(၁၀)၊ အပိုဒ် ၃၂၊ အပိုဒ် ၃၃ (က)(ခ)၊ အပိုဒ် ၃၄၊ အပိုဒ် ၃၅၊ အပိုဒ် ၃၆ (က)(ခ)(ဂ)၊ အပိုဒ် ၃၇ (က)(ခ)၊ အပိုဒ် ၃၈၊ အပိုဒ် ၄၀ (က)(ခ)တို့ ဖြစ်ပါတယ်။

၃၂။　ဤဥပဒေအရ ပေးအပ်သော လုပ်ငန်းတာဝန်များကို သဘောရိုးဖြင့် ဆောင်ရွက်သော ဦးစီး ဌာနရှိ ဝန်ထမ်းတစ်ဦးဦးကို တရားမကြောင်းဖြင့် သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်း ကောင်း တရားစွဲဆိုခြင်း မပြုရ။

၃၃။　(က)　အလုပ်သမားသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို အလုပ်ရှင်က ဖောက်ဖျက် ကျူးလွန်သည့်နေ့ရက်မှ ၃ လအတွင်း စစ်ဆေးရေးအရာရှိထံ အကြောင်းကြားစာ ပေးပို့၍ တိုင်ကြားနိုင်သည်။

(ခ) စစ်ဆေးရေး အရာရှိသည် ပုဒ်မခွဲ(က)အရ အကြောင်းကြားစာကို လက်ခံရရှိပါက လိုအပ်သလို စစ်ဆေး၍ မှန်ကန်မှုရှိလျှင် စစ်ဆေးရေး အရာရှိချုပ်၏ ခွင့်ပြုချက်ဖြင့် အလုပ်ရှင်အား တရားစွဲဆိုနိုင်သည်။

၃၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကိုလည်းကောင်း၊ ဤဥပဒေ အရ ပြုလုပ်သည့် နည်းဥပဒေနှင့် ထုတ်ပြန်ထားသော ညွှန်ကြားချက်များကိုလည်းကောင်းလိုက်နာဆောင်ရွက်ရန်ပျက်ကွက်ခြင်း၊ ဖောက်ဖျက်ကျူးလွန်ခြင်းတို့ကို စစ်ဆေးတွေ့ရှိရပါက အလုပ်ရှင် သို့မဟုတ် မန်နေဂျာအား စစ်ဆေးရေး အရာရှိချုပ်၏ ခွင့်ပြုချက်ဖြင့် စစ်ဆေးရေးအရာရှိက တရားစွဲဆို နိုင်သည်။

၃၅။ မြို့နယ်တရားရုံးမှ မည်သည့်တရားသူကြီးမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်တွင် သတ်မှတ်ထားသည့် ဒဏ်ငွေချမှတ်ရန် စီရင်ပိုင်ခွင့်အာဏာ ရရှိစေရမည်။

၃၆။ ဤဥပဒေသည် အောက်ပါတို့နှင့် မသက်ဆိုင်စေရ -

(က) လမ်းဘေးပျံကျဆိုင်၊

(ခ) အခါအားလျော်စွာပြုလုပ်သော အများပြည်သူဆိုင်ရာ ပြပွဲများ၌ ရောင်းချသော ဆိုင်၊

(ဂ) ယာယီမျှသာကျင်းပသော ပွဲများတွင်တည်ခင်းသည့် အများပျော်ရွှင်ရေး အလုပ်ဌာန၊ ဆိုင်။

၃၇။ (က) ဖက်စပ်လုပ်ငန်း သို့မဟုတ် ပုဂ္ဂလိကပိုင် ဆိုင် သို့မဟုတ် အလုပ်ဌာနများတွင် ဖက်စပ်ပါဝင်သူများ သို့မဟုတ် တရားဝင်မှတ်ပုံတင်ထားသည့် အစု ရှယ်ယာရှင် မည်သူ့ ကိုမဆို အလုပ်ရှင်ဟုသတ်မှတ်၍ ဤဥပဒေအရတရားစွဲဆိုနိုင်သည်။ သို့ရာတွင် ဖက်စပ်လုပ်ငန်း သို့မဟုတ် အဖွဲ့တွင် ပါဝင်သူတို့အနက် တစ်ဦးဦးကို ဤဥပဒေပါ ကိစ္စများအလို့ငှာ အလုပ်ရှင်အဖြစ် အမည်တင်သွင်းပြီးဖြစ်ကြောင်း၊ ထိုဖက်စပ်လုပ်ငန်း သို့မဟုတ် အဖွဲ့က စစ်ဆေးရေး အရာရှိထံသို့ အကြောင်းကြားစာပေးပို့ရမည်။ ထို့အပြင်ထိုပုဂ္ဂိုလ်သည် စစ်ဆေးရေး အရာရှိကငင်း၏အမည်တင်သွင်းထားခြင်းကို ပယ်ဖျက် သည့် အကြောင်းကြားစာကို လက်ခံရရှိသည့် အချိန်ထိ ဤဥပဒေပါ ပြဋ္ဌာန်းချက်များအလို့ငှာအလုပ်ရှင် ဖြစ်သည်ဟု မှတ်ယူရမည်။

( ခ ) ဆိုင် သို့မဟုတ် အလုပ်ဌာနသည် အများပိုင်မဟုတ်သော ကုမ္ပဏီဖြစ်လျှင် ထိုကုမ္ပဏီ၏ ဒါရိုက်တာ အဖွဲ့ဝင်များအနက် မည်သည့် ဒါရိုက်တာ အဖွဲ့ဝင်ကိုဖြစ်စေ၊ အများပိုင် မဟုတ်သော ကုမ္ပဏီ ဖြစ်လျှင် ထိုကုမ္ပဏီ၏ ဒါရိုက်တာ အဖွဲ့ဝင် တစ်ဦးဦးကိုဖြစ်စေ၊ အစုစပ်ပါဝင်သူတစ်ဦးဦးကိုဖြစ်စေ မည်သူကိုမဆိုအလုပ်ရှင် အဖြစ်သတ်မှတ်၍ အလုပ်ရှင်အား ဤဥပဒေအရတရားစွဲဆိုနိုင်သည်။ ထို့ပြင် ထိုဒါရိုက်တာ အဖွဲ့ဝင် တစ်ဦးဦးသည် မိမိအား အမည်တင်သွင်းခြင်းကို ပယ်ဖျက်သည့် အကြောင်းကြားစာကို စစ်ဆေးရေးအရာရှိက မရမီ သော်လည်းကောင်း၊ အစုစပ် ပါဝင်သူအဖြစ်မှ ရပ်စဲခြင်း မပြုမီသော်လည်းကောင်း၊ ဥပဒေပါကိစ္စများအလို့ငှာ အလုပ်ရှင်ဖြစ်သည်ဟူ၍ မှတ်ယူရမည်။

၃၈။ ဆိုင် သို့မဟုတ် အလုပ်ဌာနတစ်ခုခု၌ ဤဥပဒေ အာဏာတည်သည့် နေ့ရက်တွင် တည်ဆဲဖြစ်သော အခြားဥပဒေအရ သော်လည်းကောင်း၊ ပဋိညာဉ်အရသော်လည်းကောင်း၊ ဓလေ့ထုံးစံ အရသော် လည်းကောင်း၊ အလုပသမားများ ခံစားခွင့် ရှိသည့် အခွင့်အရေးသည် ဤဥပဒေဖြင့် ထိုသူအားပေးအပ်ထားသော အခွင့်အရေးထက်သာလွန်ကောင်းမွန်ပါက ခံစားခွင့်ရရှိနေသော မူလအခွင့်အရေးကို ရရှိခံစားစေရမည်။

၄၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဦးစီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ကို ထုတ်ပြန်နိုင်သည်။

ဒီပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ၃၇(က) ဖက်စပ်လုပ်ငန်း သို့မဟုတ် ပုဂ္ဂလိကပိုင် ဆိုင် သို့မဟုတ် အလုပ်ဌာနများတွင် ဖက်စပ်ပါဝင်သူများ သို့မဟုတ် တရားဝင်မှတ်ပုံတင်ထားသည့် အစုရှယ်ယာရှင် မည်သူ့ကိုမဆို အလုပ်ရှင်ဟု သတ်မှတ်၍ ဤဥပဒေအရ တရားစွဲဆိုနိုင်သည်။ သို့ရာတွင် ဖက်စပ်လုပ်ငန်း သို့မဟုတ် အဖွဲ့တွင် ပါဝင်သူတို့အနက် တစ်ဦးဦးကို ဤဥပဒေပါကိစ္စများအလို့ငှာ အလုပ်ရှင် အဖြစ် အမည်စာရင်းတင်သွင်းပြီးဖြစ်ကြောင်း၊ ထိုဖက်စပ်လုပ်ငန်း သို့မဟုတ် အဖွဲ့က စစ်ဆေးရေးအရာရှိထံသို့ အကြောင်းကြားစာ ပေးပို့ရမည်ဆိုတာ ဒီနေရာမှာ လွဲထွက်သွားပြီ။ ဒီနေရာကျမှ လုပ်ထုံးလုပ်နည်းလာထည့်သလိုဖြစ်တယ်၊ အကြောင်းကြားစာပေးပို့ထားပြီးသည့်အပြင် ထိုပုဂ္ဂိုလ်သည် စစ်ဆေးရေးအရာရှိက ၎င်း၏အမည်တင်သွင်းထားခြင်းကို ပယ်ဖျက်သည့်အကြောင်းကြားစာကို လက်ခံရရှိသည့်အချိန်ထိ ဤဥပဒေပါ ပြဋ္ဌာန်းချက်များအလို့ငှာ အလုပ်ရှင်ဖြစ်သည်ဟု မှတ်ယူရမည်။ ဒီလိုဖြစ်ရမည်။ ရတယ်နော်။ အကြောင်းကြားစာ ပေးပို့ထားပြီးဖြစ်သည့်အပြင် ထိုပုဂ္ဂိုလ်သည်ဒီလို ဆက်လိုက်။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

**ဦးမြညိမ်း(ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ စာမျက်နှာ ၁၂ ၃၅ မှာ ပြင်ဆင်ချက်က မြို့နယ်တရားရုံးမှ မည်သည့်တရားသူကြီးမဆို ဤဥပဒေပါ ပြစ်မှု တစ်ရပ်ရပ်တွင် သတ်မှတ်ထားသည့် ဒဏ်ငွေချမှတ်ရန် စီရင်ပိုင်ခွင့်အာဏာ ရရှိစေရမည်။ မူလအဆိုပြုချက်က ရာဇဝတ်ကျင့်ထုံးဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ မည်သည့်စီရင်ပိုင်ခွင့်အာဏာရ တရားသူကြီးမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်တွင် သတ်မှတ်ထားသည့် ပြစ်ဒဏ်ချမှတ်ရန်၊ စီရင်ပိုင်ခွင့် အာဏာ ရရှိစေရမည်ဆိုတဲ့အခါကျတော့ အခုပြင်ဆင်လိုက်တာက မြို့နယ်တရားရုံးမှ မည်သည့်တရားသူကြီးမဆို ဆိုတော့၊

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့မြို့နယ်တရားရုံးမှာ တရားသူကြီးတွေက အများကြီး ရှိပါတယ်။ မြို့နယ်တရားသူကြီး ဆိုရင် အထူးအာဏာ ၇ နှစ် ဒဏ်ငွေကတော့ အကန့်အသတ်မရှိဘူး။ သူ့အောက်မှာ တွဲဖက်မြို့နယ်တရားသူကြီး၊ ပြီးတော့တစ်ခါ ဒုမြို့နယ်တရားသူကြီး ရှိပါတယ်။ အဲဒီတော့ ဒုမြို့နယ်တရားသူကြီးဆိုရင် ကျွန်တော်တို့ ကျင့်ထုံးဥပဒေအရ ပုဒ်မ ၃၀ အရ ဒုမြို့နယ်တရားသူကြီးမှာ First Class ပထမတန်းအာဏာ၊ ဒုတိယတန်းအာဏာ၊ တတိယတန်းအာဏာ ရှိပါတယ်။ ကျင့်ထုံးဥပဒေအရ တတိယတန်းအာဏာက ဒဏ်ငွေ ၅၀ပဲ ရိုက်နိုင်တာပါ။ အဲဒီတော့ ဒီမှာ မည့်သည့်တရားသူကြီးမဆို ဆိုရင် ပုဒ်မ ၂၆၊ ၂၇၊ ၂၈၊၂၉ မှာ ဒဏ်ငွေတွေက အများကြီးပါ၊ သိန်း ၃၀ တို့ တချို့ဆိုရင် သိန်း ၁၀၀ တို့တောင် ရှိပါတယ်။ အဲဒီတော့ အဲဒီမှာ မည်သည့် တရားသူကြီးမဆို ဆိုရင် ဒုမြို့နယ် တရားသူကြီးက အထိ ဒဏ်ငွေကို သိန်း ၃၀ ရိုက်နိုင်တယ်။

**ဥက္ကဋ္ဌ။** ။ ရာဇဝတ်ကျင့်ထုံးဥပဒေနဲ့ သွားပြီးတော့ Conflict ဖြစ်တာပေ့ါ။

**ဦးမြညိမ်း(ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်)။** ။ Conflict ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ အဲဒီတော့ ဟုတ်ပြီ။ အဲဒီတော့ ဘယ်လိုပြင်သင့်လဲ။

**ဦးမြညိမ်း(ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်)။** ။ အဲဒီတော့ ကျွန်တော်တင်ပြချင်တာကတော့ မူလအဆိုပြုချက်လေး ကောင်းပါတယ်ခင်ဗျ။ အဲဒါလေးကောင်းပါတယ်။

**ဥက္ကဋ္ဌ။** ။ အဲဒီတော့ မပြင်နဲ့ပေ့ါ။

**ဦးမြညိမ်း(ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်)။** ။ ဟုတ်ကဲ့ပါခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဥပဒေကြမ်းကော်မတီ ပြောစရာရှိလား။ ဟုတ်တယ် စောစောကဖတ်ကတည်းက သတိထားလိုက်မိတယ်။ ရာဇဝတ်ကျင့်ထုံးဥပဒေကို သူကသွားပြီးတော့ ကျော်လွန်သလို ဖြစ်နေတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၀)၊ အပိုဒ် ၃၂၊ အပိုဒ် ၃၃ (က)(ခ)၊ အပိုဒ် ၃၄၊ အပိုဒ် ၃၆ (က)(ခ)(ဂ)၊ အပိုဒ် ၃၇(က)(ခ)၊ အပိုဒ် ၃၈၊ အပိုဒ် ၄၀ (က)(ခ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၀)၊ အပိုဒ် ၃၂၊ အပိုဒ် ၃၃ (က)(ခ)၊ အပိုဒ် ၃၄၊ အပိုဒ် ၃၆ (က)(ခ)(ဂ)၊ အပိုဒ် ၃၇(က)(ခ)၊ အပိုဒ် ၃၈၊ အပိုဒ် ၄၀(က)(ခ)သည် ဤ ဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီ၏ ပယ်ဖျက်ချက်များကို ဆက်လက်တင်ပြပါမယ်။

မူလဥပဒေကြမ်း၏

အခန်း(၁)၊ အပိုဒ် ၁ (ခ)၊

အခန်း(၄)၊ အပိုဒ် ၈ အစုခေါင်းစဉ်၊ အပိုဒ် ၁၂ အစုခေါင်းစဉ်၊ အပိုဒ် ၁၆ အစုခေါင်းစဉ်၊

အခန်း(၉)၊ အပိုဒ် ၃၃(ခ)၊ အပိုဒ် ၃၅ တို့ကို မလိုအပ်တဲ့အတွက်ကြောင့်မို့လို့ ပယ်ဖျက်ထားပါတယ်။

ဒီပယ်ဖျက်ချက်တွေကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည် ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေကြမ်းကော်မတီရဲ့ အတည်ပြုချက်များကို ဆက်လက်တင်ပြပါမယ်။

မူလဥပဒေကြမ်း၏

အခန်း(၁)၊ အပိုဒ် ၂ (ဃ)(ဆ)(ဈ)(ည)(ဋ)(ဌ) နှင့်

ပြောင်းလဲ အမှတ်စဉ်ထားသည့်

အခန်း(၄)၊ အပိုဒ် ၇ (ဂ)၊

အခန်း (၅)၊ အပိုဒ် ၁၃ (ခ)၊ အပိုဒ် ၁၅ (ဂ)၊

အခန်း(၆)၊ အပိုဒ် ၁၉ (က)၊ အပိုဒ် ၂၀(က)(ခ)၊

အခန်း (၇)၊ အပိုဒ် ၂၂ (က)၊ အပိုဒ် ၂၄၊

အခန်း(၈)၊ အပိုဒ် ၂၅ (ခ)(ဃ)၊

အခန်း(၁၀)၊ အပိုဒ် ၃၃ (ဂ)၊ အပိုဒ် ၃၉၊

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၃၅ ထည့်လိုက်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ အပိုဒ် ၃၅ မှန်ပါတယ်ခင်ဗျ။ ထည့်ရပါမယ်။ အခန်း(၁၀)၊ အပိုဒ် ၃၃ (ဂ)၊ အပိုဒ် ၃၅၊ အပိုဒ် ၃၉၊ အပိုဒ် ၄၁ တို့ကို မူလအဆိုပြုချက်အတိုင်း ဆက်လက်ထားရှိပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် မူလအဆိုပြုချက်အတိုင်း အတည် ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၄၁ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီအဆိုကို အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၄၁ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအဆိုမှာ ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီအဆိုကို လွှတ်တော်က အတည်ပြုဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်းအမည်သည် ဤဥပဒေကြမ်း၏အစိတ်အပိုင်း ဖြစ်သည်။

## အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ၂၀၁၅ ခုနှစ်၊ ဆိုင်များနှင့်အလုပ်ဌာနများ ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၁း၄၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ ၂၀၁၅ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၁၊ နည်းဥပဒေ ခွဲ(ခ)အရ ၂၀၁၅ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် က အတည်ပြုပေးဖို့ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆို တင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၄။**

**ဦးထင်အောင်(ဒုတိယဝန်ကြီး၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန)** ။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား။ မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပြီး ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာကြပါစေလို့ ဦးစွာပဏာမ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်တို့ ၂၀၁၅ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများ ဥပဒေကြမ်းနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ နိုဝင်ဘာလ ၁၇ ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်း အဝေး ဒုတိယနေ့မှာ ကျွန်တော်တို့ ဆွေးနွေးစဉ်းစားနိုင်ရန်အတွက် အမျိုးသားလွှတ်တော်သို့ အဆိုတင်သွင်းခဲ့ပါတယ်။

ဒီလိုတင်သွင်းမှုအပေါ်မှာ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်နေ့က ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့မှာ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၃) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင်က ဆွေးနွေးခဲ့တဲ့ အချက်များအပေါ် ကျွန်တော်တို့ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနဲ့လည်း အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီနှင့် သက်ဆိုင်ရာကော်မတီများ က ဆွေး နွေးညှိနှိုင်း သဘောတူညီပြီးလည်း ဖြစ်ပါတယ်။

ဒီနေ့ ကျင်းပပြုလုပ်တဲ့ အမျိုးသားလွှတ်တော် အစည်းအဝေးမှာ လည်း ၂၀၁၅ ခုနှစ်၊ ဆိုင်များနှင့်အလုပ်ဌာနများ ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေးအတည်ပြုပြီးလည်း ဖြစ်တဲ့

အတွက် ၂၀၁၅ ခုနှစ်၊ ဆိုင်များနှင့်အလုပ်ဌာနများ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြု ပေးနိုင်ပါရန် ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးထင်အောင် မှ လေးစားစွာဖြင့် အဆို တင်သွင်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၄၅။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၄၅။**

**ဦးထွန်းဇော်၊ ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ၂၀၁၅ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများ ဥပဒေကြမ်းကို အတည်ပြုရန် အဆို တင်သွင်းခြင်းကို ကျွန်တော် ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးထွန်းဇော်က ထောက်ခံပါ တယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ၂၀၁၅ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၁း၄၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အဆိုမှာ ၂၀၁၅ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများ ဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ၂၀၁၅ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများ ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်သည်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ဒသမနေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၁၁)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၁း၄၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ကိုရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက် သောကြာနေ့ နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ⊞ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ကို ၁၁း၄၇ နာရီအချိန်တွင် ရပ်နားပါသည်။]